
လင်းရိပ်ခတဲ့ည
By WhiteButterfly
WhiteButterfly
20/6/2021

Part(1)

သက်န်းကျွန်းမြို့နယ်... ရန်ကုန်မြို့တွင်...

"ဂျိန်း..."

သံဘာဂျာတံခါးကိုဆွဲပိတ်လိုက်သံကို ဒေါ်တင်မွှေး ကြားလိုက်ရသည်နှင့် ကြက်သီးထသွားမိသည်။ သူမဈေးဝယ်ပြီး ၅လွှာရှိတိုက်ခန်းသို့ပြန်အလာ အခန်းထဲဝင်ခါနီး ကြားလိုက်ရသည့်အပြင် ထိုအသံသည် မျက်နှာချင်းဆိုင် တိုက်ခန်းမှဖြစ်သည်။

ထိုအသံကိုပြုလုပ်သူသည်လည်း ယခုမိမိ၏ နောက်ကျောဘက်တွင်ရှိ နေသည်ကို သတိထားလိုက်မိသောအခါ ရင်တုန်ပန်းတုန်ပင် ဖြစ်လာရပြီး အခန်းထဲသို့ အမြန်ဝင်လိုက်မိလေသည်။ သူမ လှည့်ပင်မကြည့်ရဲ။ တိုက်ခန်းထဲရောက်သွားတော့မှ သူမ သက်ပြင်းချလိုက်မိလေသည်။

ဒေါ်တင်မွှေးသည် တစ်ယောက်တည်းနေသော အပျိုကြီးတစ်ဦးဖြစ်သည့် အပြင် ဆွေမျိုးများကလည်း နယ်တွင်သာရှိတာကြောင့် ပို၍ကြောက်မိခြင်း ဖြစ်လေသည်။ မျက်နှာချင်းဆိုင်တိုက်ခန်းတွင်နေသူသည် အသက်နှစ်ဆယ် ကျော်ကောင်လေးတစ်ယောက်ပင် ဖြစ်သော်ငြား တစ်တိုက်လုံးက လန့်ကြ သည်။ ထိုကောင်လေးနာမည်က မိုးည....

ထိုကောင်လေးစပြောင်းလာကတည်းက အကုန်လုံးသတိထားမိကြ သည်။ သူ့အကြည့်.... အပြုံးတို့က ကြောက်ဖို့ကောင်းသည်။ တိုက်တွင်နေ သော ကလေးများရော.. ပတ်ဝန်းကျင်က ကလေးများပါ သူ့ကိုကြောက်ကြ

သည်။

ပတ်ဝန်းကျင်နှင့် စကားအပြောအဆိုမရှိသည့်အပြင် နှုတ်ခမ်းတစ်ဖက်တည်းသာ ပြုံးသော အပြုံးက တစ်ဖက်လူကို စိတ်မသက်မသာဖြစ်စေပြန်သည်။

သူ့အခန်းထဲမှ တစ်ခါတလေ ပစ္စည်းပေါက်ခွဲသံတို့ကို ကြားရလေ့ရှိပြီး... တစ်ခါတစ်ရံတွင်တော့ ရယ်သံ..အော်ဟစ်သံတို့ကို ကြားရလေ့ရှိသည်။

"ဟင်း..."

သူမ သက်ပြင်းချလိုက်မိသည်။ ထိုကလေးနှင့်တစ်ခန်းတည်းသာ နေရမည်ဆိုလျှင် တစ်ရက်တောင်မပြည့်ခင် အကြောက်လွန်၍ သေသွားလိမ့်မည်ထင်သည်။ ထိုကောင်လေးနှင့် တစ်ခန်းတည်းနေရဲသူရှိလျှင် ထိုသူကို ဦးသုံးကြိမ်ပင်ချလိုက်ဦးမည်ဟူ၍ ဒေါ်တင်မွေး တွေးလိုက်မိလေသည်။

တစ်ဖက်အခန်းတွင်လည်း မိုးညသည် ရောက်ရောက်ချင်း ရှုပ်ပွနေသောပစ္စည်းများကို ခွကျော်သွားကာ မွေ့ရာပေါ်ပစ်လှဲလိုက်မိသည်။ နေ့ရက်တိုင်းက သူ့အတွက် အတော်လေး ဖြတ်သန်းရခက်နေတာကြောင့် သူထွက်ပြေးသွားချင်မိသည်။ လောကကြီးကနေ ပျောက်ကွယ်သွားချင်မိသည်။

ဖုန်းဖွင့်လိုက်တော့ မပြောင်းလဲတဲ့Wallpaperလေးက သူ့ကိုလှောင်ပြောင်လို့။ သုံးနှစ်ကျော်ကြာသွားသည့်တိုင် သူမမေ့နိုင်သေးသော တစ်စုံတစ်ယောက်ကို သူ မမုန်းပစ်နိုင်။

"အစ်ကိုကတော့ အဆင်ပြေနေတဲ့ပုံပဲ။ ကျွန်တော် အစ်ကို့ကို သိပ်ပြီးလွမ်းတယ်"

သူ့နှလုံးသားတို့ တစ်စစီကွဲကြေခဲ့ပြီးသည့်တိုင် ထိုလူကိုသူမရရှိခဲ့။ အဆုံးစွန်အထိ ကြိုးစားပြီးသည့်တိုင် ထိုလူသည် သူ့အပိုင်ဖြစ်မလာခဲ့။

ကျောင်းမှအထုတ်ခံရ၍ ကျောင်းနှစ်နှစ်နားခဲ့ရသည့်တိုင် ဥပေက္ခာတို့ကိုသာ သူရရှိခဲ့သည်။ အခုတော့ သူရန်ကုန်တွင် အဝေးသင်တက်နေသည်။ ဘဝကြီးက ပြောင်းလဲသွားသည့်တိုင် ထိုလူသည် သူ့နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာတွင် မျက်နှာပြောင်တိုက်ကာနေနေမြဲ။

"အစ်ကို့ကို ကျွန်တော်မမေ့နိုင်ဘူး။ ဘယ်လိုလုပ်ရမလဲ"

Wallpaperမှ သွန်းခေတ်ပုံလေးကိုကြည့်နေရင်း သူရေရွတ်မိသည်။ သူနာကျင်ရသည်။ သို့ပေမဲ့ လက်လွှတ်လိုက်ဖို့သူမဝံ့ရဲခဲ့။ ထိုလူကိုသာ နှလုံးသားထဲဖမ်းဆုပ်မထားရင် သူဘယ်လိုများ အသက်ဆက်ရှင်ပြီး မနက်ဖြန်တိုင်းကို သူဘယ်လိုကျော်ဖြတ်ရပါ့မလဲ။

သူစိတ်အားငယ်တိုင်း သွန်းခေတ်အပြုံးက သူ့ကို လုံခြုံနွေးထွေးသွားသလို ခံစားရစေသည်။ မနက်တိုင်းမှာ ရှင်သန်ဖို့ခွန်အားပေးသည်။ ဒီလူဟာသူ့ကို အဆုံးအထိလျစ်လျူရှုထားခဲ့တာတောင် ဒီလူကိုချစ်သည်ဆိုသောစိတ်တစ်ခုတည်းဖြင့် သူအသက်ရှင်သည်။ သူဘာမှမပိုင်ဆိုင်ပေမဲ့ ချစ်နေခွင့်နှင့် ငေးကြည့်ခွင့်ကိုတော့ သူပိုင်ဆိုင်ပါသည်။

ထို့နောက် မိုးညမျက်လုံးတို့ကို မှိတ်ထားလိုက်လေသည်။

နေ့တိုင်း အစ်ကို့ကိုမြင်တွေ့ချင်စိတ်နဲ့နိုးထတယ်။ အစ်ကို့ကိုအိပ်မက်မက်ချင်စိတ်နဲ့ အိပ်ရာဝင်တယ်။ အစ်ကိုကသာ ကျွန်တော် အသက်ရှင်နေရတဲ့အကြောင်းရင်းမို့...

မှေးခနဲအိပ်ပျော်သွားပြီးနောက် ပြန်နိုးလာတော့ ညရှစ်နာရီပင်ထိုးနေလေပြီ။

"ဟင်း..."

သူသက်ပြင်းချလိုက်မိသည်။ အိပ်ရာမှထလိုက်ပြီး ရေချိုးခန်းထဲသို့ဝင်

လိုက်လေသည်။ သူ့စိတ်ထဲနေလို့ကောင်းသွားသည်အထိ အချိန်အတော်ကြာရေချိုးလိုက်ပြီးနောက် တီဗွီခလုတ်ကိုဖွင့်ကာ သရဲကားတစ်ကားကို စက်ထဲထည့်လိုက်သည်။

ကြောင်အိမ်ကိုဖွင့်လိုက်လေတော့ ဘာစားစရာမှမရှိဘဲ ပြောင်သလင်းခါနေပြီ။ ထို့ကြောင့် ကြောင်အိမ်ကိုပြန်ပိတ်ကာ တီဗွီရှေ့တွင်သာ သွားထိုင်နေလိုက်လေသည်။

အသံကို ကျယ်ကျယ်ဖွင့်ထားတာကြောင့် ဘေးအခန်းများကပင် ရှင်းရှင်းလင်းလင်း ကြားရလေသည်။ ဇာတ်ကားကိုကြည့်နေရင်း မိုးညရယ်လိုက်မိသည်။

"စိတ်ပျက်စရာကောင်းလိုက်တာ"

ဇာတ်ကားထဲမှ လက်တွေ့မကျလွန်းသောလုပ်ရပ်တို့နှင့် အသုံးမကျလွန်းသော ဇာတ်ကောင်တို့ကိုသူကြည့်နေမိသည်။ သူသည်လည်း ထိုဇာတ်ကောင်များလိုပဲ။ လက်တွေ့မကျလွန်းသော ခံစားချက်တို့နောက်လိုက်ပါရင်း မီးစထဲသို့သာ ဝင်တိုးနေခဲ့သည်လေ။

မိုးညသည် နေ့ရက်တိုင်းကို ဒီလိုပဲတစ်ယောက်တည်း အချိန်ဖြုန်းဖြစ်သည်။ သူငယ်ချင်းတစ်ယောက်သာ ရှိတာကြောင့် အခန်းထဲမှာပဲ အမြဲလိုလိုနေဖြစ်တာများသည်။

တစ်ခါတလေ မြတ်နိုးရသူအစ်ကို့ရဲ့ postတွေကိုကြည့်ကာ ဒေါသထွက်မိပြန်သည်။ ထိုအချိန်များဆိုလျှင် အနီးအနားရှိပစ္စည်းတို့ကို ပေါက်ခွဲမိလေ့ရှိသည်။ ပြီးလျှင် ပြန်လည်းမရှင်းတာကြောင့် သူ့အခန်းသည် အမှိုက်ပုံနှင့်မခြားမနားဖြစ်နေလေ့ရှိသည်။

ချစ်ပန်းနီနီလာလည်လျှင်တော့ အခန်းကိုရှင်းပေးသွားတတ်ပြီး

ကြောင်အိမ်ထဲကိုလည်း အခြောက်အခြမ်းများ အပြည့်ဖြည့်ပေးသွားတတ်သည်။ စားစရာဘာမှမရှိလျှင်မစားတတ်သော သူ့အကျင့်ကို ကြိုသိထားတာကြောင့်ဖြစ်လေသည်။ ကြောင်အိမ်ထဲတွင် ဘာမှမရှိသောနေ့များတွင်တော့ မိုးည ဘာမှမစားဖြစ်သည်ကများသည်။

သို့သော် ဒီနေ့တော့ ဇာတ်ကားကြည့်နေရင်း ဗိုက်ကလိုမ့်ဆာလာတာကြောင့် တစ်ခုခုဝယ်ရန် ထွက်လာခဲ့လေသည်။

လမ်းထိပ်ထွက်၍ ပဲပေါင်မုန့်လေးတစ်ထုပ်ဝယ်ကာ ပြန်လာခဲ့သော်လည်း လမ်းကြားတစ်ခုအရောက် အသံအချို့ကြားလိုက်ရလေသည်။

"မင်းသေချင်လို့ ငါ့သူငယ်ချင်းကိုထိတာလား ... နောက်တစ်ခါဆို လာမစမ်းနဲ့"

ကြားလိုက်ရသော အသံတစ်ခုကြောင့် သူလှည့်ကြည့်လိုက်မိလေတော့ မြေကြီးပေါ်တွင်လဲလျောင်းနေသော လူကြီးတစ်ဦးကို ပိန်သွယ်သွယ်ကောင်လေးတစ်ယောက်က ကန်ကျောက်နေသော မြင်ကွင်းကို အံ့အားသင့်စွာ မြင်လိုက်ရလေသည်။ သို့သော် သူဂရုစိုက်ဖို့လိုသောအရာမဟုတ်တာကြောင့် ဝင်စွက်ဖက်ခြင်းမပြုတော့ဘဲ တိုက်ခန်းသို့သာ ပြန်လာခဲ့လိုက်လေသည်။

တိုက်ခန်းသို့ပြန်ရောက်သော် တီဗွီကြည့်ရင်း မုန့်စားဖြစ်သည်။ သရဲကားတွင် အတိတ်အကြောင်းပြန်သော ဇာတ်ဝင်ခန်းလေးရောက်လာလေသည်။ ထိုဇာတ်ဝင်ခန်းတွင် ကြည်နူးဖွယ်ရာ မိသားစုလေးကိုပုံဖော်ထားသည်။ ထိုဇာတ်ဝင်ခန်းကို သူအမြန်ရစ်ကာ ကျော်ပစ်မိသည်။ သူရယ်လိုက်မိသည်။

"သောက်ပိုတွေ"

သူစိတ်ပျက်စွာ ရေရွတ်လိုက်မိပြန်တော့ ရင်ဘတ်ထဲက နာကျင်ရ

ပြန်သည်။ သူ့အတွက်တော့ မိသားစုဆိုသောစကားလုံးသည် နှလုံးသားတွင် စွဲမြဲနေသော ဒဏ်ရာတစ်ခုသာဖြစ်လေသည်။

ထိုအချိန်တွင်ပဲ သူ့ဖုန်းမြည်လာလေတော့သည်။

"ဟယ်လိုဒေါ်လေး"

တစ်ဖက်မှ သကာလောင်းထားသကဲ့သို့ချိုမြသောအသံက သူ့ကို အန်ချင်စိတ်ဖြစ်သွားစေသည်။

"သားလေး။ အဆင်ပြေရဲ့လား ... ဒေါ်လေးက သားလေးတစ်ယောက်တည်းနေတာကို စိတ်မချဖြစ်နေတာ။ အတူလာနေပါဆိုလည်း မဟုတ်ဘူး"

မနေစေချင်လို့ပဲ ခင်ဗျား နှင်ထုတ်ထားတာ မဟုတ်ဘူးလား...

မိုးည စိတ်ထဲမှပြောလိုက်မိပေမဲ့ ထုတ်တော့မပြောဖြစ်လိုက်။ သူသိသည်။ ဒေါ်လေးအိမ်သို့ အဖေရောက်နေခြင်းဖြစ်လိမ့်မည်။

"မနက်ဖြန် အိမ်လခပို့လိုက်ပါ။ ရက်လွန်နေပြီ"

ထိုစကားတစ်ခွန်းပြောပြီးတာနှင့် သူဖုန်းချပစ်လိုက်လေသည်။ ဒေါ်လေးသည် အိမ်လခကို မတောင်းမချင်းမပေးတာကြောင့် အိမ်လခကို အမြဲရက်လွန်မှပေးရလေ့ရှိသည်။ မိုးညအတွက် အသုံးစရိတ်အားလုံးသည် ဒေါ်လေးလက်ထဲမှတစ်ဆင့် လာတာကြောင့် ဘယ်တော့မှအပြည့်ရောက်လေ့မရှိ။

"လောဘကြီးတဲ့အဘွားကြီး"

သူ ကျိန်ဆဲလိုက်မိလေသည်။ ထိုမိန်းမသည် အဖေ့ညီမဖြစ်နေတာကြောင့် သူသည်းခံနေခြင်း ဖြစ်လေသည်။ သူ့မိဘတွေကိုလည်း ထိုမိန်းမကပဲခွဲခဲ့သည်။ သူ့မိဘများထောက်ပံ့သမျှကိုလည်း သူ့ကို အနီးကပ်စောင့်ရှောက်

ပါသည်ဟူသော အမည်ခံဖြင့် ကြားဖြတ်ယူသည်။ သူအတော်လေး စိတ်ပျက်မိပေမဲ့ သူဘာကိုမှမကြိုးစားချင်သလို ဆန့်လည်းမဆန့်ကျင်ချင်တော့။

ထိုအချိန်တွင် မီးကဖျတ်ခနဲဆို ပျက်သွားပြန်သည်။ သူထိတ်လန့်သွားမိသည်။ နေရာမှ အမြန်ထလိုက်ကာ ပြတင်းပေါက်များကို ကမန်းကတန်း ဖွင့်လိုက်မိလေသည်။

သူ့တစ်ကိုယ်လုံး ချွေးစေးတွေချက်ချင်းပြန်လာကာ အသက်ရှူကျပ်လာတော့သည်။ ဖုန်းမီးလေးကိုဖွင့်လိုက်တော့မှ အနည်းငယ် သက်သာသွားတော့သည်။

သူ့မျက်လုံးထဲတွင် ငယ်စဉ်ကပုံရိပ်များက ပြေးလွှားနေကြသည်။ ငယ်စဉ်ကတည်းက သူအပြစ်တစ်ခုခုပြုမိသည်ဖြစ်စေ၊ ငိုသည်ဖြစ်စေ ဒေါ်လေးသည် သူ့ကို အလုံပိတ်အခန်းတစ်ခုထဲ ထည့်ထားလေ့ရှိသည်။ ထိုအလုံပိတ်အခန်းထဲ ထပ်အပိတ်ခံရမှာကြောက်တာကြောင့် သူနောက်တစ်ခါ အပြစ်မပြုရဲအောင်လုပ်ခြင်းဖြစ်လေသည်။

သူမှတ်မိနေသေးသည်။ နောက်ဆုံးတစ်ခေါက်အပိတ်ခံရတုန်းက လွန်ခဲ့သော နှစ်နှစ်ခန့်က။ တစ်လကြာ အပိတ်ခံခဲ့ရသည်။ အစ်ကိုနှင့် ပတ်သက်၍သူပြုခဲ့မိသော အပြစ်ကြောင့်။

ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီးနောက် ဖုန်းလေးကိုဖွင့်လိုက်မိသည်။ Wallpaperက အစ်ကို့အပြုံးလေးကိုမြင်ရတော့ သူလိုက်ပြုံးမိသည်။

"အစ်ကို အမြဲတမ်းပြုံးနေပေးပါ။ ဒီလိုဆို ကျွန်တော်ရွေးထွေး လုံခြုံသွားသလိုခံစားရတာမို့။ ဒါပေမဲ့ အစ်ကိုကျွန်တော့်ကိုတစ်ခါမှမပြုံးပြဘူးနော်"

တစ်ယောက်သောသူမကြားနိုင်ပေမဲ့ သူရည်ရွယ်ပြီးပြောလိုက်မိသည်။

ထိုသို့ပြောရခြင်းကို သူဘယ်တော့မှငြီးငွေ့နိုင်မည်မဟုတ်။

ထို့နောက် ကြမ်းပြင်ပေါ်ကိုလှဲချလိုက်ရင်း တစ်ဖန်အိပ်ပျော်သွားပြန်သည်။

အိပ်ပျော်တိုင်း အစ်ကို့ကိုသာအိပ်မက်မက်ခဲ့ပေမဲ့ ဒီတစ်ခါတော့မဟုတ်ခဲ့။

သူ့မြင်ကွင်းရှေ့တွင်မြင်နေရသည်က ရန်ဖြစ်နေသော သူ့မိဘများ။ သူမသွားဖို့ ဘယ်လောက်တားတား သူ့မိဘများသည် သူ့အဝေးကို ထွက်ခွာသွားခဲ့ကြသည်။ သူလန့်နိုးလာတော့ သူ့ပါးပြင်ပေါ်မှာ မျက်ရည်တို့စိုစွတ်လို့။

မိုးလည်းလင်းလုပြီ။ မီးလည်းပြန်လာလေပြီ။

ထို့ကြောင့် သူဆက်မအိပ်နိုင်သည့်အဆုံး ကြမ်းပြင်ပေါ်မှ ထလိုက်ကာ ရေချိုးခန်းဘက်သို့ ဦးတည်လိုက်လေသည်။ ဘေစင်အရှေ့တွင် ရပ်တန့်လိုက်ပြီးနောက် နံရံတွင်ကပ်ထားသောမှန်တွင် သူ့ကိုယ်သူ ကြည့်လိုက်မိလေသည်။

အခုနောက်ပိုင်း တဖြည်းဖြည်း ပိန်ကျသွားသလိုသူခံစားရသည်။ မဟုတ်ဘူး။ တကယ့်ကိုပိန်ကျသွားခဲ့တာဖြစ်သည်။ ဆေးသမားဟု အထင်မှားလောက်သည်အထိ အရိုးနှင့်အရေသာ ကျန်တော့သည်လေ။ စားချင်သောက်ချင်စိတ်လည်းမရှိသလို စားသောက်ဖို့လည်း ငွေဘယ်တော့မှမလောက်ငှ။ အိပ်လို့လည်းကောင်းကောင်းမပျော်ခဲ့။ ခေါင်းထဲမှလည်း တဆစ်ဆစ်ကိုက်ခဲနေတာကြောင့် သူခေါင်းကို ခါယမ်းလိုက်မိလေသည်။ ထို့နောက် မျက်နှာသစ်ကာ အလုပ်သွားဖို့ ပြင်ရပြန်သည်။

အဖေက လုပ်ငန်းတစ်ခုတွင် ဝန်ထမ်းလုပ်ခိုင်းထားပြီး အလုပ်မလုပ်လျှင်ဘာမှ မထောက်ပံ့ဟုပြောထားတာကြောင့် ထိုအလုပ်ကို သူမပျက်မကွက်သွားနေရခြင်းဖြစ်လေသည်။

တံခါးကိုဖွင့်ကာ အခန်းအပြင်ကိုအထွက် လူတစ်ယောက်နှင့်တိုးမိလေသည်။ ထိုလူကိုရှောင်ကာ သူထွက်သွားဖို့ လုပ်လိုက်သော်ငြား ထိုလူက သူ့ကိုမေးလာလေသည်။

"ညီလေးက မိုးညလား ..."

သူလှည့်ကြည့်လိုက်မိတော့ မနေ့က လူတစ်ယောက်ကို အားရပါးရကန်ခဲ့တဲ့ ကောင်လေးဖြစ်နေမှန်း သိလိုက်ရလေသည်။ မိုးည တွေးလိုက်မိသည်။ မနေ့က သူမြင်သွားတာကြောင့် ပြဿနာလာရှာတာလား ဟူ၍။ သို့သော် လူတွေနှင့်ဇာတ်လမ်း မရှုပ်ချင်တာကြောင့် သူကောင်းကောင်းမွန်မွန်ပဲ ပြန်ဖြေလိုက်လေသည်။

"ဟုတ်ပါတယ်"

သို့သော် ထိုကောင်လေးက တခြားအကြောင်းအရာတစ်ခုကိုသာ ပြောလာလေသည်။

"အိမ်လခပေးဦးနော်ညီ။ ရက်ကအတော်လွန်နေပြီမို့"

ထိုအချိန်မှ မိုးညသည် ကောင်လေးကို သေချာ အကဲခတ်လိုက်မိလေသည်။

တီရှပ်ပွပွကြီးနှင့် ဒူးလောက်ဘောင်းဘီလေးကို ဝတ်ထားပြီး ကွင်းထိုးဖိနပ်အနက်ရောင်နှင့် ဖွေးဥသောအသားအရေကလိုက်ဖက်ညီလျက်။

မျက်နှာကိုကြည့်လိုက်မိတော့လည်း မေးစေ့ချွန်ချွန်နှင့် မျက်ခုံးပါးတို့က ခပ်တန်းတန်း။ နှုတ်ခမ်းလေးက ပန်းနုရောင်လေးပြေးကာ အပေါ်နှုတ်ခမ်းထက်အောက်နှုတ်ခမ်းက ပိုထူလေသည်။ ပါးလွှာသောကိုင်းဘောင်တို့နှင့် အနားသတ်ထားသော မျက်မှန်ဝိုင်းလေးကို နှာတံခပ်ချွန်ချွန်လုံးလုံးလေး

ပေါ်တွင် တင်ထားသေးသည်။ သို့သော် မျက်မှန်သည်ပင်လျှင် သူ့မျက်ဝန်း ညိုတောက်တောက်ကို မဖုံးဖိထားနိုင်။ အပြုံးတို့ကလည်း လူကိုဆွဲညို့နေသယောင်။

ပါးလွှာ၍ဖြူဖွေးသော အသားအရေပေါ်တွင် သွေးကြောစိမ်းတို့က ဟိုဒီပြေးလျက်။ လည်ပင်းတစ်ဝိုက်တွင်တော့ မှည့်သေးသေးလေးများက ဟိုတစ်ပွင့် ဒီတစ်ပွင့်နှင့် အမည်းရောင် အစက်လေးများသဖွယ်။

အရုပ်လေးက သူ့ထက်သုံးလက်မလောက်ပုသည့်ပုံ။ ရုပ်ကလည်း သူ့ထက်ငယ်ပုံပေါက်နေမယ့် အဘယ်ကြောင့်သူ့ကို တညီညီနှင့် လာခေါ်နေရပါသနည်း။

မိုးညရယ်လိုက်မိသည်။

"ဒေါ်တင်မွှေးရဲ့တူလေးလား ..."

ထိုဒေါ်တင်မွှေးသည် တိုက်ခန်းခများကို စုပေးရသူဖြစ်လေသည်။ သို့သော် သူရက်လွန်သည့်တိုင် သူ့ကိုလာမတောင်းရဲ။ သူသွားပေးမှသာယူသော အကြောက်လွန်အပျိုကြီး ဖြစ်လေသည်။ မိုးညတွေးလိုက်မိသည်။

ဒီအပျိုကြီးတော့ အကြွေးမတောင်းရဲလို့ သူ့နယ်က စွာတေးလန်အမျိုးတစ်ကောင် ခေါ်လာတယ်ထင်ပ့ါ။ သောက်ကလေးကလည်း ရန်ကုန်ရောက်စဆိုတော့ မြောက်ကြွကြွဖြစ်နေတာပဲ။ မနေ့လည်း အကြွေးတောင်းတာပဲဖြစ်မယ်။ အခုလည်း ငါ့ကိုအကြွေးမရလို့ဆိုပြီး ထသတ်တော့မှာလားမသိ။ အဲဒီတော့ငါက ကြောက်ရမှာလား ......

မိုးညသည် ထိုကလေးအား အပေါ်စီးမှမိုး၍ကြည့်လိုက်လေတော့ ထိုကလေးသည်လည်း ခေါင်းကိုမော့ကာ ပြန်ကြည့်လာလေသည်။

"မတင်မွှေးကပြောတယ်။ မင်းကြောင့် အခန်းခတွေအပ်တာ နောက်ကျ

တာတဲ့။ အပိုတွေမပြောဘဲ နောက်လကျ အခန်းခစောစောပေး။ အရင်လစာလည်း အခုပေးတော့"

ထိုကလေးသည် သူ့ကိုကြောက်ပုံမပေါ်ဘဲ ထပ်ပြောလာပြန်သည်။ ထိုကလေးသည် ချစ်ဖို့ကောင်းလွန်းသည်။ ထို့ပြင်... ကိုသွန်းခေတ်ပုံစံမျိုးလေးဟု သူခံစားရလေသည်။ မိုးညရင်ထဲလွမ်းသွားမိသည်။

သို့သော် သူပြုံးလိုက်မိသည်။ အစ်ကိုနှင့်ပတ်သက်သမျှ ဆက်စပ်မိသမျှကို သူသဘောကျမိသည်မို့။ မိုးညသည် ထိုကလေး၏ပါးလေးကို အသာဆွဲညှစ်လိုက်လေတော့ ထိုကလေးမျက်လုံးတို့ ပြူးကျယ်သွားလေတော့သည်။

"အစ်ကို့အိမ်က ဒီနေ့မှပို့လိုက်မှာ။ အစ်ကို့အိမ်ကပို့မှ အစ်ကိုလည်းပေးလို့ရတာမို့ပါ။ ညနေမှ ဒေါ်တင်မွှေးကိုပေးလိုက်မယ်။ ဟုတ်ပြီလားကလေး"

ထို့နောက် မိုးညသည် သူ့အိတ်ကပ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်လိုက်ကာ သူကလေး၏ ဘောင်းဘီအိတ်ထဲ ထည့်ပေးလိုက်လေသည်။ ထို့နောက် ဆံပင်လေးများကိုအသာဖွလိုက်ကာ ပြောလိုက်ပြန်သည်။

"မင်းအတွက်မုန့်ဖိုး။ ရန်ကုန်ရောက်တုန်းပျော်ပျော်နေ။ အကြွေးတွေပဲလိုက်တောင်းမနေနဲ့။ ကြားလားကလေး"

ထိုသို့ပြောလိုက်ပြီးနောက် မိုးညသည် တိုက်အောက်သို့ ဆင်းသွားလေတော့သည်။ ကျန်ခဲ့သော သူမှာတော့ကြောင်အလျက်။

"မင်း... မင်းတော့..."

သူစိတ်တိုတိုနှင့်အော်လိုက်မိသည်။ သူ့ကိုဘယ်သူမှ ကလေးပေါက်စနှင့်မှားကြတာမဟုတ်။ သူသည် အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီဖြစ်သော ရင်းနှီးမြှုပ်နှံသူဖြစ်သည့်အလျောက် အားလုံးက သူ့ကို လေးစားကြသည်။

အခုလိုဝတ်ထားမိခြင်းမှာလည်း မနေ့ကမှ ဒီဘက်တိုက်ခန်းကိုပြောင်းခဲ့

သည့်မို့ လွယ်လင့်တကူထုတ်၍ရသော အဝတ်ကိုဝတ်ထားမိခြင်းဖြစ်လေသည်။ ထိုကောင်လေး မကြားတော့မှန်းသိပေမဲ့ သူစိတ်တိုလွန်း၍ အော်မိပြန်သည်။

"ငါ့နာမည်ကလေးမဟုတ်ဘူးကွ... လင်းရိပ်ခ... မင်းထက်အသက်ကြီးတယ်..."

ဒေါ်တင်မွေး၏ သတင်းအပို့ကောင်းမှုကြောင့် ထိုကောင်လေးအကြောင်းကို သူမသိချင်မှအဆုံး သိရပြီးဖြစ်သည်။ ဒီတိုက်တွင်ဖြစ်သောပြဿနာကြောင့် သူဒီကိုပြောင်းလာခြင်းဖြစ်လေသည်။ အခုတော့ ထိုပြဿနာကောင်ကို သူနဖူးတွေ့ဒူးတွေ့တွေ့လိုက်ရပြီဖြစ်သည်။

လင်းရိပ်ခစိတ်တိုတိုနှင့် ကိုယ့်အခန်းကိုယ်ပြန်ကာ အခန်းတစ်ခုလုံးကို ရှင်းလင်းပြင်ဆင်လိုက်ပြီးနောက် ရေချိုးပစ်လိုက်လေသည်။ ဤသည်က သူစိတ်တိုလျှင် ပြုလုပ်မြဲဖြစ်သော အကျင့်တစ်ခု။

အဝတ်အစားလဲကာ ပြင်ဆင်ပြီးသွားတော့ သူ့ပုံစံက ခုနကပုံစံနှင့် ခြားနားလို့သွားသည်။ သပ်ရပ်ကာ ခန့်ညားလျက်ကြည့်ကောင်းသည်ဟု သူ့ကိုယ်သူထင်မိလေသည်။

ထို့နောက် လင်းရိပ်သည် ကားမောင်းကာ စားသောက်ဆိုင်ဘက်သို့ ထွက်လာခဲ့လေသည်။

"လင်း"စားသောက်ဆိုင်သို့ရောက်သော် သူကားရပ်ကာ ဆိုင်ထဲဝင်လာခဲ့လိုက်လေသည်။ ဆိုင်မန်နေဂျာသည် သူ့ကိုမြင်မြင်ချင်း ပြေးလာတော့သည်။

"ကိုလင်းရိပ်ခ"

"အကုန်လုံးအဆင်ပြေတယ်မလား ..."

"ဟုတ်ကဲ့။ ပြေပါတယ်"

"အစားအသောက်တွေကို သေချာစစ်ဆေးရဲ့လား ..."

"ဟုတ်ကဲ့"

ဆိုင်ထဲတွင် သုံးနာရီမျှနေပြီးသည့်နောက် သူပြန်ထွက်လာခဲ့လေသည်။ ဆိုင်သည် ကျယ်ဝန်းသည်အပြင် အာရှအစားအစာအစုံရသည်။ ဆိုင်အပြင်အဆင်ကိုလည်း ထူးခြားအောင် လုပ်ထားသည်မို့ ဆန်းလည်း ဆန်းသစ်သည်။

သူ့အသက်ဆယ့်ရှစ်နှစ်တွင် မိဘနှစ်ပါးဆုံးပါးသွားခဲ့သည်။ သို့သော်လည်း ကျန်ရှိခဲ့သောအမွေများကို အရင်းအနှီးပြု၍ သူရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ မိဘများဝယ်ထားသော မြေကွက်များပေါ်တိုက်ခန်းများဆောက်၍ အငှားတင်သည်။ ရလာသောငွေကိုပွားအောင်လုပ်ရသည်။ နောက်ဆုံးတော့ ငါးနှစ်အတွင်း တိုက်ခန်းများအပြင် စီးပွားရေးလုပ်ငန်းတစ်ခုပါ အဖတ်တင်ခဲ့လေသည်။ ဒီလိုအခြေအနေရောက်ဖို့ သူအတော်ကြိုးစားခဲ့ရသည်။ ဆွေမျိုးလည်းမရှိသည်မို့ သူစိမ်းများနှင့်ပိုမို အဆက်အဆံလုပ်ခဲ့ရသည်။ ရင်းနှီးမြှုပ်နှံရသည်။ ဒီတစ်နှစ်တော့ သူအနည်းငယ်အနားရဖို့မျှော်လင့်မိလေသည်။

သူဆက်သွားသည့်နေရာက ကြယ်စင်မိဘမဲ့ကျောင်းကိုဖြစ်သည်။ ထိုကျောင်းထဲသို့ဝင်ဝင်ချင်း သူ့ကိုတွေ့သောကလေးတိုင်းက "မင်္ဂလာပါဆရာ"ဟု နှုတ်ဆက်ကြသည်။

ကားပေါ်ကဆင်းပြီး အဆောက်အအုံတစ်ခုဆီဦးတည်ကာ သူလျှောက်လာလိုက်လေသည်။ ထိုအဆောက်အအုံလေးသည် လွန်ခဲ့သောနှစ်ကမှ မိဘနှစ်ပါးကိုရည်စူး၍ သူလှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။

တစ်ထပ်အဆောင်ရှည်ဖြစ်ပေမဲ့ အခန်းများစွာ ကန့်ထားပြီး အခန်းများထဲမှာ စာသင်ကြားသံများ ထွက်ပေါ်လျက်ရှိနေလေသည်။ ထိုကျောင်းရှိ မိဘမဲ့ကလေးများအတွက် တစ်ထောင့်တစ်နေရာမှ ကူညီမှုလေး ဖြစ်ပေသည်။

စာသင်ခန်းတစ်ခုရှေ့ရောက်တော့ သူရပ်လိုက်လေသည်။ ထိုစာသင်ခန်းထဲတွင် စာသင်နေသောသူသည် သူ့ကိုတွေ့သည်နှင့် လက်ပြနှုတ်ဆက်လာလေသည်။

စာသင်ချိန်ပြီးတော့ သူတို့စကားပြောဖြစ်ကြလေသည်။

***

Part(2)

"မှားမှာပေ့ါ။ မင်းက ပိန်ပိန်သေးသေးလေးကို"

သူငယ်ချင်းဖြစ်သူက ခွက်ထိုးခွက်လှန်ရယ်ကာ ပြောလာတော့ လင်းရိပ်ခ ပိတ်ကန်ချင်မိသွားရသည်။ ပေါင်းလာတာလည်းကြာပြီမို့ သူတို့နှစ်ဦးကြား အကန့်တွေမခြားထား။ အခုလည်း မနက်က စိတ်တိုစရာကိစ္စကိုပြောမိလေ တော့ အရယ်ခံရပြန်သည်။

"ရယ်ထားစမ်းပါ။ နောက်လ အိမ်လခ ဈေးတက်ပြီပဲငသွေး"

ထိုသို့ပြောလိုက်တော့မှ အရယ်ရပ်သွားရှာသည်။ ထို့နောက် လေပြေသွေး သည် လင်းရိပ်ခအား မျက်နှာငယ်လေးနှင့် ပြောလာပြန်သည်။

"အဲဒီလိုတော့မလုပ်ပါနဲ့ကွာ။ မင်းမှမသနားရင် ငါအိမ်ခြေရာမဲ့ဖြစ်ပြီး လမ်းဘေးအိပ်ရလိမ့်မယ်ကွ"

လင်းရိပ်ခသည် "မင်း...ဆင်ခြင်နေ" ဟူသော အကြည့်ဖြင့် ကြည့်လိုက် ပြီးနောက် စကားလမ်းကြောင်းလွှဲလိုက်လေသည်။

"ဘယ်လိုလဲ ... အလုပ်ရောအဆင်ပြေလား ...ဒီနေ့က မင်းနားရက်မလား ..."

လင်းရိပ်ခအမေးကို လေပြေသွေးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ဖြေလာလေသည်။

"အင်း။ အဆင်ပြေပါတယ်"

မေးရိုးချွန်ချွန် နှုတ်ခမ်းမထူမပါးနှင့် နှာခေါင်းလုံးလုံးလေးက မျက်နှာပေါ်

နေရာယူထားသည်။ မျက်ခုံးထူထူများကတော့ မျက်ဝန်းတောက်တောက်ကို အထောက်အပံ့ပြုထားလေသည်။ လေပြေသွေးသည် တစ်မူးထူးအောင်ချောလွန်းသူမဟုတ်သော်လည်း ပြုံးလိုက်လျှင်တော့ နတ်သက်ကြွေသောနတ်သားလေးအဖြစ် ပြောင်းလဲသွားလေရှိသည်။ လေပြေသွေးဆိုလျှင် သူ့အပြုံးလေးများနှင့်တွဲ၍ မှတ်မိကြလေသည်။

လေပြေသွေးသည် ငယ်စဉ်က အဒေါ်နှင့်နေခဲ့သော်လည်း အဒေါ်ဆုံးသွားပြီးနောက်တွင်တော့ ဒုက္ခရောက်ခဲ့ခြင်းဖြစ်လေသည်။ အိမ်ပိုင်လည်းမရှိသည့်အပြင် ကျောင်းနေလည်းနောက်ကျတာကြောင့် အဒေါ်ဆုံးပါးသွားချိန်တွင် ကျောင်းမပြီးသေးပေ။ မိမိထက်နှစ်နှစ်ကြီးသောငြား ကျောင်းနေဖက်ငယ်သူငယ်ချင်းဖြစ်ခဲ့တာကြောင့်သူလည်းတတ်နိုင်သလောက် ကူညီပေးခဲ့တာ ဖြစ်လေသည်။

အမှန်တော့ သူတတ်နိုင်သည့် တစ်ခုတည်းသော အကူအညီမှာ တိုက်ခန်းငှားခဈေးလျှော့ပေးခြင်းသာ ဖြစ်လေသည်။ တိုက်ခန်းငှားခမလိုဟုပြောသော်လည်း လေပြေသွေးက လက်မခံခဲ့။ အလုပ်မျိုးစုံလုပ်၍ တိုက်ခန်းငှားခကို ပေးခဲ့သည်။ သူကလည်း တစ်လတစ်သိန်းတန်သော တိုက်ခန်းလေးကို တစ်လခြောက်သောင်းသာယူခဲ့သည်။ ထိုတိုက်ခန်းလေးသည် လေပြေသွေး၏ အလုပ်နှင်နီးတာကြောင့် သူကူညီပေးခဲ့ခြင်းဖြစ်သည်။

လေပြေသွေးသည်လည်း ကိုယ်ပိုင်တိုက်ခန်းဖြင့်နေနိုင်အောင် အလုပ်များစွာလုပ်နေသည်ကို သူသိသည်။ သူ့ကိုအားနာနေမှန်းလည်း သူနားလည်သည်။ သို့သော် သူသည်လည်း တတ်နိုင်သလောက် ကူညီချင်သည်မို့။

လင်းရိပ် အတွေးထဲနစ်မျောမိနေစဉ် လေပြေသွေးသည် သွားတက်လေး

များပေါ်သည်အထိ ရယ်လိုက်ရင်း ပြောလာလေသည်။

"တိုက်ခန်းကလည်းကွာ။ ငါကပိုက်ဆံစုလိုက်။ ဈေးတက်သွားလိုက်။ ပိုက်ဆံစုလိုက် ဈေးတက်သွားလိုက်ပဲ။ ဒါနဲ့ နောက်တစ်ပတ် ငါတို့ကုမ္ပဏီ တည်ထောင်တာ ငါးနှစ်ပြည့်လေ။ ဝန်ထမ်းတွေအကုန်လုံးကို ပွဲလုပ်ပေးမယ်ပြောတယ်။ ဆုတွေဘာတွေလည်းပေးမှာပေါ့ကွာ"

"ပွဲမှာ ဘာဝတ်သွားမှာလဲ ..."

"ငါမသွားဘူး။ အလုပ်လုပ်ရမှာ"

"တစ်ခါတလေတော့ သွားမှပေါ့ကွာ"

"အလုပ်က ပျက်လို့မဖြစ်ဘူးလေကွာ"

"အေးပါ။ မင်းသဘောပါပဲ"

အလုပ်မလုပ်နှင့်ဟုတားချင်သော်လည်း သူကိုယ်တိုင်က အလုပ်လုပ်လွန်းသူမို့ ကိုယ့်စကားနှင့်ကိုယ် ပြန်ပိတ်မိဖို့သာရှိလေသည်။

"ဒါနဲ့ ဟိုတစ်နေ့က ငါ့ကိုရန်လာစတဲ့ကောင်ကို မင်းဘယ်လိုဖြေရှင်းလိုက်တာလဲ ..."

လေပြေသွေးက ရုတ်တရက်မေးလာတော့ လင်းရိပ်ခလည်း မည်သို့ပြန်ဖြေရမည်မသိ ဖြစ်သွားမိလေသည်။

"အာ... အဲဒါ..."

အဲဒီကောင်ကို စုတ်ပြတ်သတ်သွားအောင် ဆော်ပစ်လိုက်တယ်လေလို့ ပြောဖို့တော့ အဆင်မပြေ။

"ငါဒီအတိုင်း... စကားနဲ့ပဲ ဖြေရှင်းလိုက်တာပေါ့"

လင်းရိပ်၏ မချိုမချဉ်မျက်နှာနှင့် ထိုစကားကိုကြားတော့ လေပြေသွေး သက်ပြင်းချလိုက်မိသည်။

"မင်းရန်ဖြစ်ခဲ့ပြန်ပြီမလား ... ငါပြောတယ်။ မင်းက ရန်ဖြစ်ရတော့မယ့် အရွယ် မဟုတ်တော့ပါဘူးလို့။ ပြီးတော့ အဲဒီမှာငါက ဝန်ထမ်း။ ဒီတော့ ငါ သည်းခံရမှာပဲ"

လင်းရိပ်ခသည် အများအမြင်တွင်တော့ သဘောထားကြီးသူဟုထင်ရ သော်ငြား လက်တွေ့တွင်တော့ ထိုသို့မဟုတ်။ ဒေါသကြီးသည့်အပြင် မဟုတ်မခံစိတ်ရှိသူလည်း ဖြစ်ပေသည်။ ငယ်ကတည်းက မိမိကိုစိန်လာ ခေါ်လျှင် နာလန်မထူနိုင်အောင် ဆော်ပစ်မြဲဖြစ်သည့်အပြင် လေပြေသွေး အား ရန်စသူမှန်သမျှသည်လည်း လင်းရိပ်ခ လက်စာမိကြလေသည်။

လင်းရိပ်ခသည် နူးညံ့ပုံပေါက်သလောက် မထင်မှတ်ထားလောက်အောင် ဆိုးသူဖြစ်လေသည်။ ဆေးလိပ်ကိုလည်း နှစ်ခြိုက်စွာသောက်တတ်ပြီး အရက်သောက်ရန်စိန်ခေါ်လျှင်လည်း ငါးပုလင်းမမူးဆယ်ပုလင်းမမူးနှင့် စံချိန်ချိုးမြဲဖြစ်လေသည်။ ရန်ဖြစ်ရအောင်ဆိုလျှင်လည်း ငယ်ကတည်းက တိုက်ကွမ်ဒိုသင်ထားတာကြောင့် ခြေမြန်လက်မြန်အရင်ဦးအောင် ဆော်သူ ဖြစ်ပြန်သည်။

သို့သော်တစ်ခုရှိသည်က ရည်းစားကိစ္စကင်းရှင်းခြင်း ဖြစ်လေသည်။ အလုပ်များသည်ကတစ်ကြောင်း၊ လွတ်လွတ်လပ်လပ် နေတတ်သော အကျင့်ကြောင့် တစ်ကြောင်း၊ သူချစ်သူမထားဖြစ်ခြင်းဖြစ်လေသည်။

အခုလည်း မဟုတ်မခံတတ်သူပီပီ လေပြေသွေးအား သက်သက်မဲ့ရန်လာ စသူအား ဆော်ပစ်ခဲ့ခြင်းဖြစ်လေသည်။

လေပြေသွေး၏ စကားကိုကြားတော့ သူခပ်အေးအေးပဲပြန်ဖြေဖြစ်သည်။

"အေးပါ။ ငါနောက်တစ်ခါမလုပ်တော့ဘူး"

ထိုစကားကိုကြားရဖန်များသည့်အလား လေပြေသွေး၏ မျက်နှာသည်

ရှုံ့တွသွားလေတော့သည်။

"လွန်ခဲ့တဲ့ငါးနှစ်ကတည်းက မင်းဒီလိုပဲပြောလာတာလေ"

လေပြေသွေးစကားကြောင့် လင်းရိပ်ခရယ်လိုက်မိလေသည်။ နာရီကို ကြည့်မိလေတော့ ဆိုက်သို့ပြန်ရန် အချိန်ကျပြီဖြစ်တာကြောင့် စကားစ ဖြတ်လိုက်လေသည်။

"ကဲ… ငါသွားတော့မယ်။ ညမှ barမှာတွေ့မယ်"

"အိုကေ"

လင်းရိပ်ခထွက်သွားတော့ လေပြေသွေးလည်းနေရာမှထကာ နောက် တစ်တန်းအတွက် ပြင်ဆင်ရလေတော့သည်။

ညခြောက်နာရီတွင်တော့ ပြည်လမ်းရှိတိုက်ခန်းသို့ လေပြေသွေးပြန် ရောက်သည်။ သို့သော် အဝတ်အစားလဲကာ နောက်အလုပ်တစ်ခုသွားရန် ပြင်ဆင်ရပြန်သည်။

ထိုအလုပ်ကတော့ ညဘက်ဆယ်နာရီဆယ့်တစ်နာရီအထိ လုပ်ရသော အချိန်အပိုင်းအလုပ်ဖြစ်လေသည်။ ထိုအချိန်သည် အသွားအပြန်လုပ်ရန် ခက်ခဲသော အချိန်ဖြစ်တာကြောင့် ဘယ်သူမှမလုပ်ချင်ကြ။ ထို့ကြောင့် သူက အချိန်ပိုင်းဝင်လုပ်ခဲ့ခြင်းဖြစ်လေသည်။

သူအလုပ်လုပ်သည့်နေရာက သူ့တိုက်ခန်းနှင့်လည်းနီးသည့်အပြင် လင်း ရိပ်ခက မကြာခဏပြန်ပို့ပေးတတ်တာကြောင့် အဆင်ပြေနေခြင်းလည်း ဖြစ်ပေသည်။ သူအလုပ်လုပ်သောနေရာသည် RB Barဖြစ်သည်။

ညခုနစ်နာရီတွင် လင်းရိပ်ခသည် အဝတ်တို့ကိုထပ်လဲကာ အပြင်ထွက် ရန်ပြင်နေပြန်သည်။ ထိုအချိန်တွင်မိုးညသည်လည်း ဒေါ်တင်မွေးအခန်းသို့ ဦးတည်လိုက်လေသည်။

တံခါးခေါက်သံကြောင့် အခန်းတံခါးကို ဒေါ်တင်မွှေးဖွင့်လိုက်မိတော့ မိုးညကိုတွေ့လိုက်ရလေသည်။ သူမ လန့်၍အော်မိတော့ မတတ်ပင်ဖြစ်သွားရပြီးနောက် ထိတ်လန့်နေသည့်ကြားက မေးလိုက်မိသည်။

"ဘာကိစ္စရှိလို့လဲ ..."

အသံကိုမနည်းထွက်အောင် ဖျစ်ညှစ်ထုတ်ကာ မေးပြီးသကာလ မိုးညထံမှ စာအိတ်တစ်ခုကို လက်ခံရရှိလေသည်။

"အိမ်လခ"

"တိုက်ခန်းခက... ပိုင်...ပိုင်ရှင်ကိုပဲ... သွားပေးလိုက်။ သုံးလွှာမှာနေတယ်။ ညဘက်အခြမ်းက..."

ဒေါ်တင်မွှေးသည် တုန်တုန်ရီရီနှင့်ပြန်ပြောပြီးပြီးချင်း တံခါးကို အမြန်ပိတ်လိုက်လေတော့သည်။ ဒီလမှစ၍ သူမဝင်ငွေကျွတ်ပြီဟုထင်ထားခဲ့ပြီးမှ အဘယ်ကြောင့် သူမဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်ရပါသနည်း။ ဒေါ်တင်မွှေးတစ်ယောက် တံခါးကို မှီထားလိုက်ကာ သက်ပြင်းချလိုက်မိလေသည်။

"ကြောက်ပါတယ်ဆိုမှ"

ခပ်မြန်မြန်ပဲ ပိတ်သွားတဲ့တံခါးကြောင့် မိုးည ရယ်လိုက်မိသည်။ အတော်ကြောက်တတ်တဲ့အပျိုကြီး။

ထို့နောက် ဒေါ်တင်မွှေးပြောသည့်အတိုင်း သုံးလွှာရှိအခန်းသို့ သူဆင်းလာလိုက်လေသည်။

လင်းရိပ်ခလည်း အပြင်ထပ်ထွက်ရန်ပြင်ဆင်နေစဉ် တံခါးခေါက်သံကြားလိုက်ရတာကြောင့် တံခါးကိုသွားဖွင့်လိုက်မိတော့ တွေ့လိုက်ရသူကပြဿနာကောင်လေး။

မိုးညလည်း တီရှပ်အဖြူပေါ်မှာ ခပ်မိုက်မိုက်အပေါ်ထပ်အင်္ကျီပါးကို ထပ်ထားကာ ဂျင်းဘောင်းဘီအနက်နှင့် လန်ထွက်နေသော ကလေးပေါက်စကို ကြည့်လိုက်မိလေသည်။ ထိုကောင်လေးကလည်း သူ့ကို တအံ့တသြ ပြန်ကြည့်လာလေသည်။

"ဘာလာလုပ်တာလဲ ..."

"တိုက်ခန်းခလာပေးတာ။ ပိုင်ရှင်ကဘယ်မှာလဲ ..."

ပြောရင်းဆိုရင်းဖြင့် မိုးညသည် သူ့ခေါင်းပေါ်မှကျော်ကာ ခြေဖျားတထောက်ထောက်နှင့် အခန်းအတွင်းသို့လှမ်းကြည့်လေရာ လင်းရိပ်ခသည် ထိုသကောင့်သားအား ဆောင့်ကန်ပစ်ချင်လာတော့သည်။

"မင်းပြောတဲ့ပိုင်ရှင်ကငါပဲ"

ထိုသို့ပြောလိုက်သောအခါ မိုးညသည် သူ့အားမယုံသလို ကြည့်လာလေသည်။

"ဟုတ်လို့လား ..."

မိုးည၏ အချိုးမပြေသော စကားတို့ကြောင့် လင်းရိပ်ခ ဒေါသထွက်ကာ အငွေ့ပင်ပျံတက်သွားတော့မည့်အလား...

"မယုံရင်ဒီမှာနေတဲ့လူတွေကို လိုက်မေးကြည့်လိုက်။ ငါကပိုင်ရှင်ပဲ။ ပြီးတော့ ငါ့ကိုကလေးလိုမဆက်ဆံနဲ့။ ငါကမင်းထက် အသက်ကြီးတယ်"

မိုးညသည် အကဲခတ်နေသော မျက်လုံးများဖြင့် သူ့ကိုခေါင်းအစခြေအဆုံး ကြည့်လာပြန်သည်။

"အင်း။ ဒါဆိုလည်း Bro... ဒီမှာ အိမ်ငှားခ"

အိမ်လခပါသောစာအိတ်ကို လင်းရိပ်ခဆီပေးလိုက်လေသည်။ လင်းရိပ်လည်း ထိုစာအိတ်ကိုယူကာ ငွေပြည့်မပြည့်စစ်ကြည့်သည်။

"ငါတကယ်သိချင်မိတယ်။ မင်းအသက်က တကယ်ပဲငါ့ထက်ကြီးလို့လား ... ငါအခု အသက်နှစ်ဆယ်ရှိနေပြီနော်"

လင်းရိပ်ခသည် မိုးညစကားတို့ကို ဂရုစိုက်ဟန်မပြဘဲ ပိုက်ဆံကိုသာ ဆက်ရေတွက်နေလိုက်လေသည်။ မိုးညသည်လည်း လင်းရိပ်ခကိုကြည့်နေရင်း တွေးတောနေမိသည်။

သူ့ကိုကြည့်ရင် အစ်ကို့ကိုပိုသတိရတယ်။ လက်ကလေးတွေကအစ အစ်ကို့လိုသွယ်သွယ်လေးတွေ။ နှုတ်ခမ်းလေးရဲနေတာကအစ အစ်ကိုနဲ့တူတာပဲ...

သူတွေးနေမိစဉ်မှာပဲ လင်းရိပ်ခသည် အခန်းအပြင်ဘက်သို့ ထွက်လာလေသည်။ ထို့နောက် ကားသော့ကို အသာဖွေယမ်းလိုက်ကာ ပြောလာလေသည်။

"ငါ့အသက်က နှစ်ဆယ့်သုံးရှိနေပြီ။ ငါ့ကိုမလေးမစားမလုပ်နဲ့"

မိုးညသည်လည်း အောက်ထပ်သို့ဆင်းသွားသော လင်းရိပ်ခကို ကြည့်နေမိလေသည်။ ဒီလူကြောင့် အစ်ကို့ကို သူပိုလွမ်းဆွတ်ရပြန်ပါသည်။

Barကိုရောက်လာသော် လင်းရိပ်ခသည် ကောင်တာသို့ ဦးတည်လိုက်လေသည်။ ထို့နောက် ထိုင်ခုံတစ်ခုပေါ်ထိုင်လိုက်ပြီး ကော့တေးတစ်ခွက်မှာလိုက်လေသည်။

"ရောက်လာပြီလား ..."

မှာယူထားသော ကော့တေးကိုလာချပေးရင်း လေပြေသွေးက မေးလာလေသည်။ လင်းရိပ်ခလည်း ခေါင်းညိတ်ပြကာ ခွက်ကိုယူလိုက်လေသည်။

"မင်းဧည့်သည်က ဘယ်တော့လာမှာလဲ ..."

"ကိုးနာရီ"

လင်းရိပ်ခသည် စီးပွားရေးသဘောအရရော လူမှုရေးအရပါ စီးပွားရေး လုပ်ငန်းရှင်များနှင့် အကျွမ်းဝင်လေရာ Barတွင်အမြဲလိုလို မိတ်ဆွေများနှင့် တွေ့လေ့ရှိလေသည်။ ယခုလည်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ရန် စောင့်ဆိုင်းနေခြင်းဖြစ်လေသည်။

လင်းရိပ်ခတို့နှင့်ခပ်လှမ်းလှမ်းတွင်တော့ VVIPဝိုင်းတစ်ဝိုင်းရှိလေသည်။ ထိုဝိုင်းသည် သီးသန့်အခန်းကဲ့သို့ အနည်းငယ်ကာရံထားပြီး အပြင်အဆင် သည်လည်း သားနားလေသည်။

ထိုဝိုင်းတွင် အနီနှင့်အနက် ထောင်လိုက်စင်းပါသော ရှပ်အင်္ကျီကို ကြယ်သီးနှစ်လုံးခန့်ဖြုတ်ထားကာ စတိုင်ဘောင်းဘီအနက်ရောင်အကျပ် နှင့် သားနားနေသော ယောကျ်ားတစ်ဦးသည် အခန့်သားထိုင်နေလေသည်။ မေးရိုးထင်းထင်းက ယောကျ်ားပီသဟန်ပေါ်နေသည့်အပြင် စင်ရော် တောင်ပံမျက်ခုံးနက်နက်က သူ့မျက်ဝန်းစူးရှရှကို ပိုမိုတောက်ပစေ နေသည်။ ထူးခြားသည်မှာ မီးခိုးရင့်ရောင် မျက်လုံးတို့ဖြစ်လေသည်။ Gelသုံး ကာ သပ်တင်ထားသော ဆံပင်တို့နှင့်လိုက်ဖက်စွာ ယောကျ်ားပီသသော နဖူးသည် သူ့မျက်နှာကို ပိုတင့်တယ်စေသည်။ လောကကြီးတွင်နှစ် ယောက်မရှိသော ယောကျ်ားအလား ခန့်ညားလွန်းလှသည်။

စကပ်ပေါင်တိုလေးဝတ်ထားသော ကောင်မလေးတစ်ယောက်သည် သူ့ ဘေးတွင်ထိုင်လျက် ကန္တကလျနှင့်စကားများကို ချွဲနွဲ့ကာ ပြောနေလေ သည်။ သို့ပေမဲ့ သူ့အကြည့်တို့ကတော့ အခြားသော တစ်စုံတစ်ယောက်ဆီ မှာ။

လိုက်ကာပါးပါးတို့ကြားမှ တစ်စွန်းတစ်စမြင်နေရသော မျက်နှာတစ်ခု၊ မျက်နှာလေးက လက်ရာမြောက်သောရုပ်တုပမာ ချောမွေ့လို့။ နှုတ်ခမ်းရဲရဲ က နမ်းရှိုက်ချင်စဖွယ်။ ပါးပြင်ပေါ်ပြေးနေသော သွေးကြောစိမ်းတို့က

အကြိမ်ကြိမ်တတိတိကိုက်မိအောင် လှုံ့ဆော်နေသယောင်။ ဖြူဖွေးနေသော လည်တိုင်က အမှတ်အသားနီညိုရောင်များနှင့်လိုက်ဖက်မည့်ပုံ။ ထိုလူငယ်လေးသည် သူ့နှလုံးသားအားဆွဲဆောင်နေလျက်။

သူပြုံးလိုက်မိသည်။ သူဟူသော တိမ်ရောင်စဉ်သည် မရနိုင်တာဘာမှမရှိ။ ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ သူ့အနားခစားလာအောင် သူအမျိုးမျိုးဆွဲဆောင်နိုင်စမြဲ။ ရုပ်ရည်အပြင် အသပြာသည် လူတိုင်း၏သည်းခြေကြိုက်ဖြစ်ကြောင်း သူသိထားသည်။ ထိုလူကိုလိုချင်လျှင် ထိုလူ့ဆီသို့ ငွေလမ်းခင်း၍သွားမည်။ ငွေ၏ဒဏ်ကို ဘယ်လူသားမျှမခံနိုင်ဟု သူသိထားသည်။ သူအကြိမ်ကြိမ်ကြုံတွေ့ခဲ့ပြီးပြီ။

ငယ်စဉ်ကတည်းက သူလိုချင်သမျှငွေပေး၍သာ သူရယူခဲ့သည်။ သူ့အနားရှိနေသူမှန်သမျှသည်လည်း ငွေမျက်နှာကြောင့်သာ ဖြစ်လေသည်။ အချစ်၊ ခင်မင်မှုစသောစသော စိတ်ခံစားချက်တို့ကို သူမခံစားဖူးခဲ့။ သူ့ဘေးနားက အရာအားလုံးက အတုအယောင်တွေချည်းသာ။ အစစ်အမှန်တို့သည်လည်း ငွေဒဏ်ကြောင့် ပြောင်းလဲသွားခဲ့ကြသည်ချည်း။ သူ့ဘဝသည် အတုအယောင်များသာရှိသည့်အလျှောက် သူသည်လည်း အပြုံးတုပြုံးသည်။ ဟန်ဆောင်မျက်နှာဖုံးကို ဆင်မြန်းထားသည်။ လိုချင်တာရှိလျှင် ငွေဖြင့်ပေါက်၍ယူသည်။

ယခုတော့ ထိုကောင်လေးကို သူလိုချင်သည်။

သူ့ဘေးနားက ကောင်မလေးအနားကိုကပ်၍ သူမေးလိုက်သည်။

"ဟိုနားကကောင်လေးက ဘယ်သူလဲ ..."

ထိုမေးခွန်းကိုကြားလိုက်ရသောအခါ ကောင်မလေးက ပြုံး၍ပြန်ဖြေလာလေသည်။

"သူလား … ဒီဆိုင်ရဲ့ VIP ဖောက်သည်ပါ။ သူ့နာမည်က ကိုလင်းရိပ်ခတဲ့။ ချောတယ်မလား …"

ထိုသို့မေးပြီးနောက် ကောင်မလေးသည် တခစ်ခစ်ရယ်လေသည်။ သူ့အကြောင်းကို သိပြီးသားဖြစ်နေသည့်အလား။

တိမ်ရောင်စဉ်စိတ်ထဲ တေးမှတ်ထားလိုက်သည်။ ထိုကောင်လေးသည် သူ့အပိုင်ဖြစ်လာရမည် ဟူ၍။ ထို့နောက် သူသည် လင်းရိပ်ခကိုသာ အကြည့်မလွဲတမ်းစိုက်ကြည့်လျက်။ ဝိုင်ကိုနှုတ်ခမ်းတွင်တေ့ကာ အရသာခံလိုက်ရင်း ပြုံးလိုက်လေသည်။

လင်းရိပ်ခသည် ဆယ့်တစ်နာရီထိုးသည်နှင့် လေပြေသွေးနှင့်အတူ Barမှ ထွက်ခွာသွားလေတော့သည်။ သူတို့နှစ်ဦးကိုကြည့်နေရင်း တိမ်ရောင်စဉ် ရေရွတ်လိုက်မိသည်။

"မင်းတို့နှစ်ယောက်က ရင်းနှီးမယ့်ပုံပဲ"

***

Part(3)

ညှိသည်နှင့် လုပ်ငန်းအကြောင်းများ ဆွေးနွေးပြီးသည့်နောက်မှာတော့ ဆယ့်တစ်နာရီပင်ထိုးလုပြီ။ လေပြေသွေးသည်လည်း အလုပ်ချိန်ပြီးပြီဖြစ်တာကြောင့် ယူနီဖောင်းကိုလဲလှယ်ကာ ထွက်လာလေသည်။ သူငယ်ချင်းဖြစ်သူကို ပြန်ပို့ပြီးသည့်နောက် လင်းရိပ်သည် တိုက်ခန်းဆီသို့ ပြန်လာခဲ့လေသည်။

တိုက်ခန်းသို့ပြန်ရောက်ပြီးနောက် အဝတ်မလဲသေးဘဲ ဝရန်တာတွင်ခေတ္တရပ်ကာ ဆေးလိပ်သောက်နေလေသည်။ လေပြေသွေးသည် ဆေးလိပ်နံ့ကိုမခံနိုင်တာကြောင့် အနံ့ရသည်နှင့် ဗျစ်တောက်ဗျစ်တောက် ပြောတတ်လေ့ရှိသည်။ ထို့ကြောင့် အိမ်ပြန်ရောက်မှသာ ဆေးလိပ်သောက်ဖြစ်သည်။

ဝရန်တာတွင်ရှိနေသော သူ့ကိုလှမ်းကြည့်နေသည့် ကားတစ်စီးထဲမှ လူတစ်ယောက်ကိုတော့ သူသတိမထားမိပေ။

အတွေးစတို့ ရောက်တတ်ရာရာ ရောက်နေချိန်မှာပဲ ကျယ်လောင်စူးရှသော အော်သံကြီးတစ်ခုကို ကြားလိုက်ရသဖြင့် လင်းရိပ်ခ လိပ်ပြာလွင့်မတတ် လန့်သွားလေတော့သည်။ ထို့နောက် သရဲအော်သံများပါ ထွက်လာလေတော့ အခန်းထဲပင် ပြန်ပြေးဝင်မိတော့မတတ် ဖြစ်သွားရလေသည်။

နဂိုကတည်းက သရဲကြောက်တတ်သူဖြစ်တာကြောင့် အသံကြားရုံနှင့်ထွက်ပါပြေးချင်နေသည့်ကြားက စိတ်ပါတိုသွားရလေသည်။

သို့သော် သေချာနားထောင်ကြည့်မှ ဇာတ်ကားမှထွက်လာသော အသံများ

ဖြစ်ကြောင်း သိလိုက်ရလေသည်။

"ကျစ်… ဘယ်သူက အဲလောက် အသံအကျယ်ကြီးဖွင့်ပြီး တီဗွီကြည့်နေတာလဲ …"

လင်းရိပ်ခတစ်ယောက် သောက်လက်စ ဆေးလိပ်ကို နှုတ်ခမ်းကြားညှပ်ကာ တိုက်ခန်းအပြင် ထွက်ကြည့်လေတော့ ထိုအသံသည် အပေါ်ထပ်မှလာကြောင်း သိလိုက်ရလေသည်။

"ကျစ်… ဟိုကောင်လေးပဲနေမယ်"

မှားစရာကိုမရှိ။ အသံထွက်ပေါ်ရာဖြစ်သော အခန်းရှေ့ရောက်တော့ လင်းရိပ် စိတ်ပျက်သွားရသည်။ ထိုပြဿနာကောင်လေးသည် ဒီလိုလည်း ပြဿနာရှာသေးတာပဲလား …

"ဟင်း.."

လင်းရိပ်ခစိတ်ညစ်စွာ သက်ပြင်းချလိုက်ပြီး တံခါးကိုခေါက်လိုက်မိသည်။

"ဒေါက်…ဒေါက်…ဒေါက်…"

သို့သော် ထိုတံဒါးခေါက်သံသည် တီဗွီမှအသံကိုမလွှမ်းနိုင်တာကြောင့် တံခါးကို ထုရလေတတော့သည်။

"ဒုန်း… ဒုန်း… ဒုန်း…"

တီဗွီကိုဖွင့်ထားကာ ငုတ်တုတ်ထိုင်နေမိစဉ် အပြင်မှတံခါးထုသံကို ကြားလိုက်ရတာကြောင့် မိုးည မတ်တတ်ရပ်ကာ တံခါးဆီသို့သွားလိုက်လေသည်။

"ဘယ်သူလဲ …"

တံခါးဖွင့်ရင်းမေးလိုက်မိတော့ မြင်လိုက်ရတဲ့မျက်နှာကြောင့် မိုးည မျက်ခုံးတို့ပင် မြင့်တက်သွားလေသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ ..."

လင်းရိပ်ခကိုတွေ့လိုက်ရ၍ အံ့အားသင့်မိရုံမက လင်းရိပ်ခနှုတ်ခမ်းများကြားမှ ဆေးလိပ်ကိုမြင်လိုက်ရသော် ပို၍ပင် အံ့အားသင့်ရလေသည်။

အထက်တန်းကျောင်းသားရုပ်နဲ့။ မိုက်မဲလိုက်တာ...

လင်းရိပ်ခသည် ဆေးလိပ်တိုကို မီးသတ်လိုက်ကာ အခန်းရှေ့ရှိ အမှိုက်ပုံးထဲသို့ပစ်လိုက်လေသည်။ ထို့နောက် စကားဆက်ပြောလာလေသည်။

"အဲဒါက ငါမေးရမှာမဟုတ်ဘူးလား ..."

လင်းရိပ်ခ စိတ်ပေါက်ပေါက်နှင့်ပြန်မေးလိုက်မိပြီးနောက် မိုးညကို စိတ်ရှုပ်စွာကြည့်ကာ ပြောလိုက်မိပြန်သည်။

"မင်းဒီလောက်အသံအကျယ်ကြီးနဲ့တီဗွီဖွင့်နေတာ သူများတွေ အနှောင့်အယှက်ဖြစ်မယ်လို့ မတွေးမိဘူးလား ..."

တကယ်တော့ သူမတွေးမိတာအမှန်။ သူ့ကိုဘယ်သူမှ ဘာမှလာမပြောကြတာကြောင့် သူလည်း နေချင်သလိုနေနေခြင်းဖြစ်လေသည်။

မိုးညလည်း ခေါင်းကိုအသာကုတ်လိုက်ပြီး မျက်ခုံးလေးပင့်ကာ အူကြောင်ကြား မျက်နှာထားလေးနှင့် ပြန်ဖြေလိုက်လေသည်။

"အာ...ကျွန်တော်လည်း သတိမထားမိဘူးဗျ။ အဲဒါ ဘယ်လိုလုပ်ပေးရမလဲ ..."

"ဘာ ဘာ ဘာ......... ဘယ်လိုလုပ်ပေးရမလဲဟုတ်လား ... အဲဒီကအသံကိုလျှော့လိုက်ရင်ရပြီကို ဘာတွေလာမေးနေတာလဲ ..."

အမှန်တော့ သူလည်း အာရုံမရှိတာကြောင့် အမှတ်တမဲ့မေးလိုက်မိခြင်းဖြစ်သော်လည်း တစ်ဖက်လူက အလွယ်တကူဒေါသထွက်သွားတာကြောင့် စိတ်ရှုပ်သွားမိလေသည်။

"ဩော်...အင်း"

သို့သော်လည်း ပြဿနာမရှုပ်ချင်တာကြောင့် အလိုက်သင့်သာပြောပြီး တံခါးကိုပြန်ပိတ်လိုက်ပြီးသည့်နောက် တီဗွီမှအသံကိုလျှော့လိုက်လေသည်။

လင်းရိပ်ခမှာတော့ တစ်ဖက်လူက အင်းတစ်လုံးသာပြောကာ တံခါးပိတ်သွားခြင်းကို ခံလိုက်ရတာကြောင့် ခံရခက်ခက်နှင့် စိတ်ပျက်ပျက် ရေရွတ်လိုက်မိလေသည်။

"အဲဒီကလေး...လေးစားမှုကိုမရှိဘူး"

ဆူညံသံများ မကြားရတော့သည်နှင့် လင်းရိပ်ခလည်း သူ့အခန်းသူပြန်လာခဲ့လေသည်။ သူ့စိတ်ထဲတွင်တော့ ရိုင်းပျကာ အချိုးမပြေသောအိမ်ငှားလေးက အနှောင့်အယှက်ပေးလျက် ရှိနေလေသည်။

"ငါသူ့ကို ဆက်မငှားတော့ရင်ကောင်းမလား ..."

လင်းရိပ်ခတွေးမိသည်။ ဒီလို လူမှုရေးနားမလည်သည့်အပြင် နေချင်သလိုနေကာ ပြဿနာရှာတတ်သောသူကိုသာ ကြာကြာထားလျှင် မိမိတိုက်ခန်း စုတ်ပြတ်သတ်သွားလောက်သည်။ ထိုပြင် သူ့ကြောင့် စီးပွားရေးပင် အနှောင့်အယှက်ဖြစ်လောက်သည်လေ။ အခုတောင် တစ်တိုက်လုံး သူ့ကိုကြောက်နေကြရသည်မလား ...

တွေးတွေးဆဆနှင့် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် လင်းရိပ်ခသည် မနက်ဖြန်ထိုကလေးကို တစ်ပတ်အချိန်ပေးကာ ရွှေ့ပြောင်းခိုင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

ဤသို့ဖြင့် နောက်တစ်နေ့ သူအလုပ်မှပြန်လာသည်နှင့် မိုးည၏အခန်းသို့ ထွက်လာခဲ့လိုက်လေသည်။

***

သို့သော် အခန်းတံခါးကိုခေါက်လိုက်တော့ လာဖွင့်ပေးသူက ခပ်ဝဝ ကောင်မလေးတစ်ယောက် ဖြစ်နေတာကို တွေ့လိုက်ရလေသည်။

ဒါဘယ်သူလဲ ... သူ့ကောင်မလေးလား ......

လင်းရိပ်ခဒေါသတော့ နည်းနည်းထွက်သွားမိသည်။ သို့သော် ထို ကောင်မလေးက ဖြူစင်သော အပြုံးလေးပေးလိုက်သောအခါတွင်တော့ ထို သံသယများ လုံးဝပျောက်ကွယ်သွားလေတော့သည်။

ဒီလိုကောင်မလေးက သူ့ရည်းစားလုံးဝမဖြစ်နိုင်ဘူး...

လင်းရိပ်တွေးတောနေမိစဉ်မှာပဲ ကောင်မလေးက အလွန်အံ့ဩသွားဟန် ဖြင့် ပြောလာလေသည်။

"အစ်ကို...အထဲဝင်ခဲ့ပါရှင့်။ အစ်ကိုက မိုးညရဲ့သူငယ်ချင်းလား ..."

ထိုမေးခွန်းကို လင်းရိပ်ခ ခပ်မြန်မြန်ပဲ ငြင်းဆန်လိုက်မိလေသည်။

"မဟုတ်ဘူးညီမ။ အစ်ကိုက တိုက်ခန်းပိုင်ရှင်ပါ။ ပြောစရာလေးနည်း နည်းရှိလို့"

"ဟုတ်ကဲ့။ မိုးညက အခုရေချိုးနေလို့။ အထဲဝင်ပါဦး"

လင်းရိပ်ခလည်း အခန်းထဲဝင်ရန် အကြံအစည်မရှိသော်ငြား ကောင်မလေးကို အားနာတာကြောင့် အထဲသို့ဝင်လာခဲ့လေသည်။

အခန်းထဲဝင်လိုက်သည်နှင့် သူခံစားလိုက်ရတာက အထီးကျန်မှု။

အခန်းထဲတွင် ပရိဘောဂတို့များများစားစားမရှိ။ နံရံသည်လည်း ရှင်းလင်းလျက်။ ခုတင်ပေါ်တွင်လွှားထားသော အိပ်ရာခင်းက အရောင်ပင် လွင့်လို့နေသည်။ ပိတ်ထားသော ပြတင်းပေါက်နားတွင်တော့ ထိုင်ခုံလေး တစ်လုံးက ငြိမ်သက်စွာတည်ရှိလျက်။

လင်းရိပ်ခသည် သူ့ကိုယ်သူပင်သတိမထားမိဘဲ အခန်းထဲကို လှည့်ပတ်ကြည့်နေမိလေသည်။ ခုတင်ဘေးရှိစားပွဲပေါ်တွင်တော့ အက်ကွဲရာများနှင့်ပြည့်နေသော မီးအိမ်လေးတစ်လုံးရှိလေသည်။ အသုံးအဆောင်များသည်လည်း တစ်ခုမှသစ်သစ်လွင်လွင်မရှိ။ ကွဲရာ အက်ရာ အနည်းအများသာကွာသည်။

မီးအိမ်လေးဘေးတွင်တော့ ဘောင်သွင်းထားသော ဓာတ်ပုံလေးတစ်ပုံရှိနေလေသည်။ ထိုပုံလေးထဲရှိကောင်လေးသည် ရယ်ပြုံးနေလျက်။ အတော်လေးချစ်စရာကောင်းသည်။ ထိုကောင်လေး၏ ရွှေရောင်ဆံပင်လေးများကလေအဝှေ့မှာ လူးလွန့်လို့။ ထိုဓာတ်ပုံဘောင်လေးတစ်ခုသာ သစ်လွင်စွာအကောင်းပကတိဖြစ်လျက် ရှိလေသည်။ ထိုဓာတ်ပုံလေးကိုယူကြည့်ရန်လက်လှမ်းလိုက်မိလေတော့ ထိုကောင်မလေးက အလန့်တကြား တားမြစ်လာလေသည်။

"အဲဒါကိုမထိပါနဲ့။ အဲ… စိတ်မဆိုးနဲ့နော်အစ်ကို။ မိုးညက အဲဒီပုံကို သူကလွဲပြီး တခြားလူထိတာမကြိုက်လို့ပါ"

ထိုစကားကြောင့် လင်းရိပ်ခလည်း သူ့လက်ကိုပြန်ရုပ်လိုက်မိလေသည်။ တစ်ခန်းလုံးတွင် ထိုင်ခုံလေးတစ်ခုံသာရှိတာကြောင့် မိန်ကလေးတစ်ယောက်ကို မတ်တတ်ရပ်ခိုင်းထားပြီးမိမိက ထိုင်နေလို့လည်းမဖြစ်ပေ။ ထိုကြောင့် နှစ်ယောက်လုံးမတ်တတ်ရပ်လျက်သာ စကားပြောဖြစ်ကြလေသည်။

ထိုကောင်မလေးသည် အလွန်အားနာနေသောဟန်ဖြင့် စကားစပြောလာလေသည်။

"ဟိုလေအစ်ကို… မိုးညကို ဂရုစိုက်ပေးပါဦးနော်။ သူက လူတော်တော်များများနဲ့ အဆင်မပြေလို့ပါ"

ထိုကောင်မလေး၏စကားကြောင့် လင်းရိပ်ခ စိတ်ညစ်သွားမိလေသည်။ သူလာတာ မိုးညကို အိမ်ပြောင်းခိုင်းဖို့တာကြောင့် အချိန်ဆွဲနေလို့လည်း မကောင်းသည့်အတူတူ သူပွင့်ပွင့်လင်းလင်းသာ ပြောလိုက်တော့သည်။

"အမှန်တော့ အစ်ကိုက သူ့ကို ဒီတိုက်ခန်းက ပြောင်းပေးဖို့လာပြောတာပါ"

လင်းရိပ်ခ၏စကားကြောင့် ကောင်မလေးမျက်နှာညှိုးသွားလေတော့သည်။ ထို့နောက် လင်းရိပ်ခကို ချက်ချင်းတောင်းပန်လာလေတော့သည်။

"ပြောင်းတော့မပြောင်းခိုင်းပါနဲ့အစ်ကိုရယ်။ အဲဒီလိုလုပ်ဖို့အဆင်မပြေလို့ပါ။ သူဒီတစ်ခါ ထပ်ပြောင်းလို့မရတော့ဘူး။ သူအိမ်ပြောင်းတာ ရှစ်ခါကိုးခါမကတော့ဘူး။ ဒီတစ်ခေါက်ဆိုရင် သူ့အဒေါ်အိမ်မှာ ပြန်သွားနေရတော့မှာ။ အစ်ကိုရယ်… ညီမတောင်းပန်ပါတယ်နော်။ သူ့အဒေါ်အိမ်ကိုပြောင်းဖို့ဆိုတာ သူ့ကိုသေခိုင်းတာနဲ့ အတူတူပဲမို့ပါ။ ကူညီပါနော်"

တစ်ဖက်လူက တောင်းပန်လာပြန်တော့ သူ့မှာပြတ်ပြတ်သားသား ပြောရအခက်။

"ဟို…လေ…အစ်ကိုလည်း အဆင်မပြေတော့လို့။ သူက…"

လင်းရိပ်ခပင်စကားမဆုံးသေး။ ထိုကောင်မလေးက ကြမ်းပြင်ပေါ်ဒူးထောက်ချလိုက်တာကြောင့် လင်းရိပ်ခတစ်ယောက် အလန့်တကြားဖြစ်ကာ သူပါလိုက်ထောက်မလိုလိုပင် ဖြစ်သွားရလေတော့သည်။

"အဲဒီလိုမလုပ်ပါနဲ့"

လင်းရိပ်ခက ကောင်မလေး၏လက်မောင်းကို ဆွဲထူလိုက်သော်လည်း ထိုကောင်မလေးက ထမလာဘဲ ပေတေထိုင်နေလေသည်။

"သူ့ကိုဒုက္ခရောက်အောင် မလုပ်ပါနဲ့နော်"

ကောင်မလေးသည် သူဘယ်လိုပြောပြော လက်လျှော့မည့်ပုံမပေါ်တာကြောင့် လင်းရိပ် သက်ပြင်းချလိုက်မိလေသည်။

"ထပါ။ အစ်ကိုစဉ်းစားကြည့်ဦးမယ်။ အစ်ကို့ကို ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခုတော့ ပေးဖို့လိုမယ်နော်"

ထိုကောင်မလေးသည် လင်းရိပ်စကားကိုကြားသော် ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ ပြောလာလေသည်။

"သူ့မိဘတွေက ကွာရှင်းထားတာကြာပါပြီ။ အရင်က သူ့အဒေါ်နဲ့နေတာရှင့်။ အခုတော့ မနေနိုင်တော့လို့ ထွက်လာခဲ့တာ။ သူက သူငယ်ချင်းလည်းမရှိဘူး။ ငယ်ကတည်းကလည်း သွန်သင်မယ့်သူလည်းမရှိခဲ့တော့ ဒီလိုဆိုးတာကို အစ်ကိုက နားလည်ပေးပါနော်။ အဲဒါ သူ့အဒေါ်အိမ်မှာ ပြန်သွားနေရရင်ပိုဆိုးလိမ့်မယ်"

ထိုကောင်မလေးသည် ရုတ်တရက်ထရပ်လိုက်ကာ စာရွက်တစ်ရွက်ကိုယူ၍ ဖုန်းနံပါတ်တစ်ခုကို ရေးပေးလာလေသည်။

"ဒါက ညီမဖုန်းပါအစ်ကို။ ညီမနာမည်က ချစ်ပန်းနီနီပါရှင့်။ ညီမက သူ့သူငယ်ချင်းပါ။ တကယ်လို့မိုးညက အစ်ကို့စကားနားမထောင်ရင် ညီမဖုန်းကို ဆက်လိုက်ပါနော်။ သူ့ကိုလည်းဆုံးမပေးပါနော်။ သူကဆုံးမမယ့်သူမရှိတော့ လမ်းလွဲနေရှာတာပါ။ သူ့ကိုလည်း ပြောထားပါ့မယ်"

ထိုကောင်မလေးသည် စာရွက်လေးကို လက်နှစ်ဖက်နှင့် ကမ်းပေးလာလေတော့ လင်းရိပ်လည်း သေချာ ယူလိုက်ကာ ခေါင်းညိတ်လိုက်လေသည်။ ထိုကောင်လေးကို အချိန်နည်းနည်းတော့ ထပ်ပေးလိုက်မည်ဟု သူစဉ်းစားလိုက်မိသည်။

"ကောင်းပါပြီ။ ဒီလိုဆိုမှတော့ အစ်ကိုလက်လျှော့လိုက်ပ့ါမယ်"

ဒီလိုအခြေအနေကိုမှ လက်မလျှော့ဘဲ အတင်းနှင်ချလျှင် လူတစ်ယောက်ဘ၀ ပျက်စီးရာပျက်စီးကြောင်းသို့ရောက်လိမ့်မည်ဟု လင်းရိပ်ခတွေးလိုက်မိသည်။ ထို့ပြင် မိုးညဆိုသော ဂျစ်ကန်ကန်ကလေးသည် အဒေါ်အိမ်သို့ပြန်မှာမဟုတ်။ နေစရာမရှိ၍ လမ်းဘေးတွင် နေရမည်ဆိုလျှင်တောင် ခေါင်းမာစွာ ဖြစ်သလိုနေနေမည်ဖြစ်ကြောင်းကိုလည်း ခန့်မှန်းမိပြီးဖြစ်လေသည်။

သူ့ဘက်ကလက်ခံလိုက်တာကြောင့် ချစ်ပန်းနီနီသည် အလွန်ပျော်သွားကာ ဝမ်းသာအားရပြောလာရှာသည်။

"ကျေးဇူးတင်ပါတယ်နော် အစ်ကို"

"ရပါတယ်။ ဒီလိုဆို အစ်ကိုသွားတော့မယ်"

"ဟုတ်ကဲ့"

စကားကုန်ပြောပြီးဖြစ်တာကြောင့် ထိုကောင်မလေးကို လင်းရိပ်နှုတ်ဆက်ကာ အခန်းထဲမှထွက်လာခဲ့လေသည်။

လင်းရိပ်ခထွက်သွားပြီးလို့ သုံးမိနစ်လောက်ကြာသောအချိန်တွင်ပဲ မိုးညသည်လည်း ရေချိုးခန်းထဲမှ ထွက်လာလေသည်။

"ဘယ်သူလာသွားတာလဲ ..."

ချစ်ပန်းနီနီလည်း ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ပြီးနောက် သူငယ်ချင်းဖြစ်သူကို တရားချရသေးသည်။

"အဲဒါကြောင့် နင်နည်းနည်းပါးပါး ဆင်ခြင်နေ။ အဲဒီအစ်ကိုက သဘောကောင်းလို့သာ နင့်ကိုဆက်နေခိုင်းတာ။ မဟုတ်ရင် နင့်အဒေါ်အိမ်ကို ပြန်သွားနေရလိမ့်မယ်။ နင့်လွတ်လပ်ခွင့်ကိုဆုံးရှုံးပြီး အနှိပ်စက်ခံချင်

တာလား ..."

ထိုစကားကိုကြားသည်နှင့် မိုးညသည် မျက်နှာပျက်သွားလေတော့သည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ ပြန်ပြောလာလေသည်။

"အေးပါ။ ငါလည်း အရမ်းကြီးပြဿနာရှာနေတာလည်း မဟုတ်ပါဘူး။ ပြီးတော့ အဲဒီလူကို သဘောကောင်းတယ်မှတ်မနေနဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ချမ်းသာနေတာ။ လူမိုက်ခေါင်းဆောင်လား မသိဘူး။ ဟို တစ်နေ့ကတောင် လမ်းကြားထဲမှာ လူတစ်ယောက်ကို နှိပ်စက်နေတာတွေ့ ခဲ့တယ်"

သူ့စကားကိုမယုံကြည်စွာ ချစ်ပန်းနီနီမျက်ခုံးတို့ တွန့်ကွေးသွားလေ တော့သည်။

"မဖြစ်နိုင်တာ။ အဲဒီအစ်ကိုက ရုပ်လည်းချောတယ်။ သဘော လည်းကောင်းတယ်။ လူဆိုးခေါင်းဆောင်လို့ထင်ချင်ရင် နင့်ကိုပဲထင်စရာရှိ တာ။ မြန်မြန်အဝတ်လဲစမ်းပါဟယ်။ မဟုတ်ရင် နင့်ကို မုန့်လိုက်မကျွေး တော့ဘူးနော်။ ငါအိမ်ပြန်ဖို့အချိန်မမီဘဲနေမယ်"

ချစ်ပန်းနီနီက ပြောလာတာကြောင့် မိုးညလည်း အဝတ်အမြန်လဲရလေ တော့သည်။

"အေးပါ"

***

ခမ်းနားထည်ဝါသော အိမ်ကြီးတစ်ခုတွင် ကိုယ်ဝန်သည်တစ်ယောက်သည် ဆိုဖာပေါ်တွင်ထိုင်ကာ သတင်းစာတစ်စောင်ကို ဖတ်နေလေသည်။

"မမ နေကောင်းရဲ့လား ..."

အလုပ်မှပြန်လာသော တိမ်ရောင်စဉ်သည် အိမ်ထဲရောက်ရောက်ချင်း

အစ်မအနားသို့ပြေးကပ်လေတော့သည်။ တိမ်ရောင်စဉ်၏အစ်မဖြစ်သူ လရောင်စဉ်သည် မီးဖွားလုပြီဖြစ်သောကိုယ်ဝန်ကို လွယ်ထားရသူဖြစ်လေသည်။

အစ်မ၏ယောကျ်ားဖြစ်သူ ကိုရန်မျိုးအောင်ကတော့ လွန်ခဲ့သော ငါးလခန့်က ကားအက်စီးဒင့်တစ်ခုတွင် ဆုံးပါးသွားခဲ့ပြီးဖြစ်လေသည်။

အစ်ကိုရန်ဆုံးပါးသွားပြီးကတည်းက မမသည်လည်း နေမကောင်းပိုဖြစ်လာကာ ပိန်ကျသွားတော့သည်။ အခုဆိုလည်း ပိန်လိုက်တာမှ အရိုးနှင့်အရေ။

လရောင်စဉ်သည် သတင်းစာကိုဘေးနားချထားလိုက်ကာ နွမ်းလျစွာပြုံးလာလေသည်။

"နေကောင်းပါတယ်။ ကိုရန်ကိုပဲသတိရနေတာ"

မမနှင့်အစ်ကိုရန်သည် မျက်စိအောက်မှ တစ်ယောက်ကိုတစ်ယောက်အပျောက်မခံနိုင်လောက်အောင်ချစ်ကြမှန်း တိမ်ရောင်စဉ်သိထားသည်။ ထို့ကြောင့်လည်း မမကိုပို၍သနားမိလေသည်။

လရောင်စဉ်စကားကြောင့် တိမ်ရောင်စဉ် တိတ်ဆိတ်သွားပြီးမှ ဝမ်းနည်းဖွယ်အနေအထားကို ပြောင်းရန် စကားလမ်းကြောင်းလွှဲလာလေသည်။

"ကလေးလေးရော နေကောင်းရဲ့လား ..."

ကလေးလေးအကြောင်း မေးလိုက်တော့ မမမျက်နှာလေးပြုံးသွားကာ ပြန်ဖြေလာလေသည်။

"သားသားက ဦးတိမ်ကိုသတိရနေတာတဲ့"

တိမ်ရောင်စဉ် ရယ်လိုက်ကာ လရောင်စဉ်၏ ဗိုက်ပူပူလေးကိုကြည့်ရင်း ပြောလိုက်ပြန်သည်။

"ကျန်းကျန်းမာမာနဲ့မွေးလာပြီး ကြီးလာရင် မေမေ့ကို ကာကွယ်ရမယ်နော်"

ထိုအချိန်တွင်ဗိုက်ထဲမှကလေးလေးသည် ရုတ်တရက်လှုပ်ရှားလာတာကြောင့် လရောင်စဉ် တအံ့တသြနှင့် အော်လိုက်မိလေသည်။

"လှုပ်သွားတယ်တော့..."

ထိုစကားကြောင့် တိမ်ရောင်စဉ်တစ်ယောက် ပျာယာခတ်ကာ မေးလာလေတော့သည်။

"ဘယ်နားလဲ ... ဘယ်နားလဲ ..."

လရောင်စဉ်က တိမ်ရောင်စဉ်ရဲ့လက်ကိုဆွဲလိုက်ကာ လှုပ်သွားသောနေရာပေါ် တင်ပေးလိုက်လေတော့ အထဲက ကလေးလေးက နောက်တစ်ချက် ထပ်ကန်လာလေသည်။ တိမ်ရောင်စဉ်၏မျက်နှာသည်ပြုံးဖြီးကာ ပါးစပ်နားရွက်တက်ချိတ်တော့မတတ်။

"ပေါက်စရာ။ အဲဒီလောက်မဆိုးနဲ့လေကွာ။ ကြီးလာရင် ဘောလုံးသမားလုပ်မလို့လား ... ဒီလောက်ကန်နေတာ"

မွေးပင်မမွေးသေးသောတူဖြစ်သူအား သည်းသည်းလှုပ်ဖြစ်နေသောမောင်လေးကို လရောင်စဉ်ကြည့်ရင်း မျက်ရည်ဝဲမိလေသည်။ ဒီလိုဆို သူမစိတ်ချပါပြီ။

တိမ်ရောင်စဉ်ကတော့ အစ်မ၏မျက်ရည်များကို သတိမထားမိဘဲ ကလေးကိုသာ စကားတွေအားရပါးရပြောနေလျက်။

ထိုအချိန်တွင် သူတို့၏နောက်မှ အသံတစ်ခု ထွက်ပေါ်လာလေတော့သည်။

"နင့်အစ်မတောင် ကလေးမွေးတော့မယ်။ နင်က အခုထိအိမ်ထောင်မပြု

သေးဘူးလား ... အသက်ကမငယ်တော့ဘူးနော်။ နှစ်ဆယ့်ရှစ်နှစ်ရှိပြီဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ်သိဦး"

***

Part(4)

"နင့်အစ်မတောင် ကလေးမွေးတော့မယ်။ နင်က အခုထိ အိမ်ထောင်မပြုသေးဘူးလား ... အသက်ကမငယ်တော့ဘူးနော်။ နှစ်ဆယ့်ရှစ်နှစ်ရှိပြီဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ်သိဦး"

ထိုအသံကိုကြားသည်နှင့် တိမ်ရောင်စဉ်သည် ချက်ချင်း မတ်တတ်ထရပ်လိုက်လေသည်။

"ကျွန်တော်ပြန်တော့မယ်"

"ငါပြောတာနားထောင်ဦး။ တစ်ခါတလေမှအိမ်ပြန်လာပြီး ဒီအမေရဲ့စကားကို နားမထောင်တော့ဘူးလား ..."

တိမ်ရောင်စဉ်သည် မိခင်ဖြစ်သူဒေါ်နှင်းနု၏ အိမ်ထောင်ပြုရန်ဖိအားပေးမှုကို သည်းမခံနိုင်တော့သဖြင့် ပြည်လမ်းတွင် လုံးချင်းအိမ်တစ်လုံးငှားနေနေသည်မှာ သုံးနှစ်ခန့်ပင် ရှိပြီ။ အစ်မဖြစ်သူကတော့ လက်တွဲဖော်ကိုရှာနိုင်ခဲ့ပေမဲ့ မိမိကတော့ ရှာတွေ့ရန်ဝေလာဝေးဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ်သိရှိထားပြီး ဖြစ်လေသည်။

သို့ပေမဲ့ အစ်မဖြစ်သူကိုယ်ဝန်ရပြီးကတည်းက တူလေးကိုတွေ့ရန်နှင့် မမကိုအားပေးရန် ရည်ရွယ်ချက်တို့ဖြင့် မကြာမကြာ လာလည်ဖြစ်ခဲ့သည်။ လာတိုင်းလည်း အမေမရှိချိန်ကိုသာ ရွေးရွေးလာသော်လည်း ဒီနေ့တော့ ကံဆိုးစွာ ထိပ်တိုက်တွေ့သွားခြင်း ဖြစ်လေသည်။

ဒေါ်နှင်းနုသည် အလျှော့မပေးဘဲ ဆက်ပြောလာလေသည်။

"အမရာကိုတောင် အားနာဖို့ကောင်းနေပြီ။ သူမို့လို့ နင့်ကို ဒီအချိန်အထိ စောင့်နေတာ"

ဒေါ်နှင်းနုစကားတို့ကြောင့် တိမ်ရောင်စဉ် ရယ်လိုက်မိလေသည်။

" ကျွန်တော်ဂရုမစိုက်ဘူး။ ကျွန်တော့်ဘက်က ပြတ်ပြတ်သားသား ပြောခဲ့ပြီးပြီလေ"

အမှန်တော့ သူတို့နှစ်ဦး၏ မိဘချင်းသဘောတူကာ ရွှေလမ်းငွေလမ်းဖောက်သော အစီအစဉ်သည် အမရာဆောင်း၏ တစ်ဖက်သတ်ဆန္ဒကြောင့်သာ အစပြုဖြစ်တည်ခဲ့ခြင်းဖြစ်လေသည်။

ထိုကိစ္စကို တိမ်ရောင်စဉ်သဘောတူခဲ့ခြင်းမရှိပေမဲ့ အမရာသည် နိုင်ငံခြားတက္ကသိုလ်မှ ဘွဲ့ရထားသူဖြစ်ခြင်း၊ လှပခြင်းနှင့် အရည်အချင်းရှိခြင်းတို့ကြောင့် တိမ်ရောင်စဉ်၏အမေက သဘောတူခဲ့သည်။

"နင်သူနဲ့တွဲခဲ့တယ်လေ။ မဟုတ်ဘူးလား ... သူက နင့်ရည်းစားဟောင်းတွေအများကြီးထဲက တစ်ယောက်ဆိုရင်တောင် ကျန်တဲ့ရည်းစားဟောင်းတွေနဲ့ အတူတူပဲလို့မပြောနဲ့နော်..."

ဒေါ်နှင်းနုအသံက ခက်ထန်လာလေတော့သည်။ သူမ ပြောတာလည်းမမှားပေ။ တိမ်ရောင်စဉ်တွဲခဲ့သမျှတွင် တစ်နှစ်ခန့်လက်တွဲမြဲခဲ့သည်မှာ သူမတစ်ယောက်သာရှိသည်။ တခြားသော ရည်းစားဟောင်းများနှင့် အတူတူပဲဟုပြောလျှင်တော့ လိမ်ရာကျပေလိမ့်မည်။

တိမ်ရောင်စဉ်သည် သက်ပြင်းချလိုက်ပြီးနောက် ပြန်ပြောလာလေသည်။

"ဒါပေမဲ့ ကျွန်တော်သူ့ကိုမချစ်ဘူးလေ။ အဆင်မပြေတော့လို့ လမ်းခွဲခဲ့တာကို သူနဲ့လက်ထပ်စေချင်တာလား ... ကျွန်တော်သူနဲ့ အဆင်မပြေနိုင်တာကို ကျွန်တော်အသိဆုံးပါ။ ကျွန်တော်ပင်ပန်းနေပြီ။ ပြန်တော့မယ်"

ထိုသို့ပြောပြီးပြီးချင်းပင် တိမ်ရောင်စဉ်သည် အိမ်ထဲမှ ထွက်သွားတော့သည်။

"ဟဲ့... မနက်ဖြန်မှပြန်လေ။ မလိမ္မာတဲ့ကလေး။ တစ်ဇွတ်ထိုးလုပ်တယ်။ ခြေငြိမ်သလားဆိုတော့လည်းမငြိမ်ဘူး"

ခေါင်းမာလွန်းသော သားဖြစ်သူကြောင့် ဒေါ်နှင်းနုသည် ခေါင်းတခါခါနှင့် ပွစိပွစိပြောနေမိလေသည်။ သူမပြောသမျှကို အမြဲကန့်လန့်တိုက်နေခြင်းကို မကျေနပ်။

"အမေရယ်...စိတ်လျှော့ပါနော်။ မောင်လေးက မရင့်ကျက်သေးလို့ပါ"

လရောင်စဉ်က ပြေရာပြေကြောင်းဝင်ပြောလာတော့မှ သူမစိတ်လျှော့လိုက်ရင်း ပြန်ပြောမိသည်။

"နင်ကလည်း နင့်မောင်ဘက်ကပဲမလား ... အသက်ကဖြင့် သုံးဆယ်နီးနေပြီ။ အိမ်ထောင်ကျလို့ ကလေးအဖေကိုဖြစ်ရတော့မယ့်ဟာကို မရင့်ကျက်ချင်လို့မှမရတော့တာ"

"စိတ်မပူပါနဲ့အမေရယ်။ အချိန်တန်ရင် သူသဘောကျတဲ့သူကို တွေ့သွားမှာပါ"

"နင်အမေဖြစ်လာမှနားလည်မှာပါ။ သူသဘောကျတဲ့သူက အချိုးမပြေရင် ပိုဆိုးဦးမယ်။ကဲ... ထားပါတော့။ စိတ်ညစ်စရာတွေစိတ်ထဲမထားနဲ့။ ဒီအချိန်က အထိအခိုက်ခံလို့မရဘူး"

ထိုသို့ပြောနေရင်းမှ ဒေါ်နှင်းနုသည် လေသံလျှော့သွားလေတော့သည်။ ထို့နောက်ပွစိပွစိနှင့် အိမ်အကူဖြစ်သူ ဒေါ်စိုးကို မှာစရာရှိသည်များမှာကြားကာ အိမ်အပေါ်ထပ်သို့ တက်သွားလေတော့သည်။

လရောင်စဉ်လည်း မိခင်ဖြစ်သူကိုကြည့်ရင်း သက်ပြင်းချလိုက်မိလေ

သည်။

အချစ်စစ်ကိုမောင်လေးရှာတွေ့နိုင်ဖို့ပဲ မမမျှော်လင့်ပါတယ်...

ရှေ့လျှောက် သူ့မောင်၏ကိစ္စများတွင် သူကြားမဝင်နိုင်တော့ပြီမို့ ဆုတောင်းပေးခြင်းကသာ သူတတ်နိုင်သော အရာဖြစ်ခဲ့လေသည်။

***

နောက်တစ်နေ့တွင်တော့ တိမ်ရောင်စဉ်သည် ကုမ္ပဏီသို့ အလောတကြီး ရောက်ချလာတော့သည်။ အမှန်ဆိုလျှင် ကုမ္ပဏီအတွင်း လျှောက်သွားနေ လေ့မရှိပေမဲ့ ပွဲနီးပြီဖြစ်တာကြောင့် ပွဲနှင့်ပတ်သက်၍ပြင်ဆင်မှုများကိုရော ဝန်ထမ်းများ၏လှုပ်ရှားမှုများကိုပါ ကိုယ်တိုင်ကြီးကြပ်ရလေသည်။

သို့သော် တစ်နေရာအရောက် အလုပ်စားပွဲတွင် ကုပ်ကုပ်ကုပ်ကုပ်နှင့် စာတွေကုန်းရေးနေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ ထိုလူကို သူရင်းရင်းနှီးနှီး မြင်ဖူးနေသည်မှာ သူအမှတ်မမှားနိုင်။

ထိုကောင်လေးသည် Barတွင်အလုပ်လုပ်နေသော ကောင်လေးဖြစ်ပြီး မိမိနှလုံးသားကိုဖမ်းစားသွားသော ကောင်လေး၏သူငယ်ချင်းဖြစ်ကြောင်း တိမ်ရောင်စဉ် ဝမ်းသာအားရဖြစ်စွာ အမှတ်ရလိုက်လေသည်။

"ဟိုနားက တစ်ယောက်အကြောင်း သိသလောက် အကုန်ပြောပြပါလား"

ဘေးနားတွင်ရှိနေသော မန်နေဂျာကိုမေးလိုက်လေတော့ ထိုမန်နေဂျာသည်လည်း ဝန်ထမ်းဆုပေးရန်မေးသည်ထင်ကာ အလုပ်နှင့်သက်ဆိုင်သောအကြောင်းများကို ပြောပြလာသည်။

"အဲဒီကောင်လေးနာမည်က လေပြေသွေးလို့ခေါ်တယ်ဗျ။ အလုပ်ကတော့ အတော်လေးကြိုးစားတယ်"

"ကျွန်တော်သိပြီ။ အလုပ်နဲ့မဆိုင်တာလည်း ပြောသင့်တယ်နော်"

သူဘာမှပင်မပြောရသေးတာကြောင့် မန်နေဂျာတစ်ယောက် နင်သွားလေတော့သည်။ နောက်မှ အဟွန်းအဟမ်းနှင့် လည်ချောင်းရှင်းကာ ဆက်ပြောလာလေသည်။

"ရုံးခန်းကိုပြန်ရင်း လမ်းမှာပြောသွားရအောင်"

ပြောပြောဆိုဆိုနှင့် တိမ်ရောင်စဉ်က ထွက်သွားလေတော့ မန်နေဂျာလည်း အမြန်လိုက်ရပြန်သည်။

"သူက...မိန်းကလေးတွေကြား နည်းနည်းနာမည်ကြီးတယ်ခင်ဗျ။ နေရောင်ခြည်လေး...ဆိုလား ...နေကြာပန်းလေးဆိုလားပဲ ... သူပြုံးလိုက်ရင် မိန်းကလေးတွေကြွေတာမပြောနဲ့။ ကျွန်တော်တောင်ပြန်မပြုံးပြဘဲ မနေနိုင်ဘူး။ နောက်ထပ်တစ်ခုက သူက အချိန်ပိုင်း အလုပ်မျိုးစုံလုပ်တယ်တဲ့။ မကောင်းတဲ့အလုပ်ကလွဲလို့ အလုပ်အစုံလုပ်တယ်လို့ပြောတယ်"

"သူ့သူငယ်ချင်းတွေအကြောင်းရော သိလား ..."

ထိုမေးခွန်းကြောင့် မန်နေဂျာသည် ခေါင်းကုတ်လိုက်မိလေသည်။ ဇကန္တ Bossက ဆုရမယ့်လူရဲ့နောက်ကြောင်းတွေပါလိုက်တာလား ... ဒီဆုလေးက အဲဒီလောက်တောင် အရေးပါတာလား ... စံပြဝန်ထမ်းဆိုတော့လည်း။ တွေးရင်းနှင့် နားမလည်နိုင်ဖြစ်လာတော့သည်။

"သူ့သူငယ်ချင်းအကြောင်းကိုတော့ ကျွန်တော် မသိပါဘူး။ စုံစမ်းစေချင်တယ်ဆိုရင် စုံစမ်းလိုက်ပါ့မယ်"

"မလိုဘူး။ သူ့ကိုပဲမေးလိုက်တော့မယ်"

ခပ်ပြတ်ပြတ် ပြောကာ ရုံးခန်းထဲဝင်သွားသော Bossကိုကြည့်ရင်း သူ အထင်ကြီးစွာ တွေးလိုက်မိသည်။

Bossတို့အတွေးတွေကို ကျွန်တော်လိုက်မမီတော့ပါဘူး။ ဒါကြောင့်

Bossဖြစ်နေတာ ဖြစ်မယ်ထင်တယ်...

ရုံးခန်းထဲရောက်သော် တိမ်ရောင်စဉ်သည် ဖုန်းနံပါတ်တစ်ခုကို ကောက်ဆက်လိုက်လေသည်။

"စုံစမ်းထားတာ ဘယ်လိုလဲ ..."

တစ်ဖက်လူက တိမ်ရောင်စဉ်၏စကားကို ပြန်ဖြေလာလေသည်။

"ကျွန်တော် စုံစမ်းထားရသလောက်တော့ အဲဒီကောင်လေးရဲ့နာမည်က လင်းရိပ်ခလို့ခေါ်ပါတယ်။ သူနဲ့အတူထွက်သွားတဲ့ကောင်လေးက လေပြေသွေးလို့ခေါ်တယ်။ သူတို့နှစ်ယောက်က သူငယ်ချင်းတွေဖြစ်တဲ့ပုံပဲ။ နှစ်ယောက်လုံးက ကြယ်စင်မိဘမဲ့ဂေဟာမှာ စေတနာ့ဝန်ထမ်းတွေလုပ်ပါတယ်။ လင်းရိပ်ခက တော်တော်လေးထူးချွန်တဲ့သူဗျ။ သူ့အသက်က နှစ်ဆယ့်သုံးနှစ်ပဲရှိသေးတာ။ ဒါပေမဲ့ စားသောက်ဆိုင်တစ်ခုတောင်ပိုင်နေပြီး တိုက်ခန်းတွေလည်း အများကြီးပိုင်တယ်။ သူတို့က သူဌေးမျိုးကဆင်းသက်လာတာဆိုတော့ ဒီလိုတွေပိုင်ဆိုင်နေတာ မဆန်းပေမဲ့ အသက်ငယ်ငယ်လေးနဲ့ ဒီလောက်ငွေကြေးတွေကို ထိန်းသိမ်းထားနိုင်တာ ချီးကျူးစရာပဲဗျ"

"နောက်ထပ်ရော ..."

တိမ်ရောင်စဉ်က မေးလိုက်ပြန်တော့ ထိုလူကပြန်ဖြေလာပြန်သည်။

"သူက နေရာအတည်တကျမနေဘူးဗျ။ သူပိုင်တဲ့တိုက်ခန်းတွေမှာ လှည့်နေနေတာ။ ပြီးတော့ ရည်းစားကိစ္စအရှုပ်အရှင်းကင်းတဲ့အပြင် ချဉ်းကပ်ရလည်း ခက်တယ်လို့သိရတယ်ဗျ"

"ဟုတ်လား ... ဒါဆို သူ့အကြိုက်ကဘယ်လိုမျိုးလဲ ..."

"အဲဒါတော့ ကျွန်တော်မသိခဲ့ရပါဘူး။ သူကတစ်ခါမှ ချစ်သူမထားခဲ့ဖူးလို့

ပါ"

"ကောင်းပြီ။ တာဝန်ကျေတယ်"

ဖုန်းချလိုက်ပြီးနောက် တိမ်ရောင်စဉ်သည် ကျေနပ်စွာ ပြုံးလိုက်လေသည်။

***

ညရှစ်နာရီအချိန်လောက်တွင် တိမ်ရောင်စဉ်သည် RB Barသို့ထွက်လာခဲ့လေသည်။

Barကိုသူရောက်ချိန်တွင်တော့ လင်းရိပ်ကို မတွေ့ဘဲ လေပြေသွေးကိုသာ တွေ့ရလေသည်။ ထို့ကြောင့် တိမ်ရောင်စဉ်သည် Bar ကောင်တာသို့သွားလိုက်ကာ ကော့တေးတစ်ခွက်မှာလိုက်လေသည်။

"ဒီမှာ... ရပါပြီဗျ"

မှာယူထားသော ကော့တေးကို လေပြေသွေး လာချပေးချိန်တွင်တော့ တိမ်ရောင်စဉ်က စကားစလာလေသည်။

"ကိုယ်ဘယ်သူလဲသိလား ..."

လေပြေသွေးသည်လည်း အချဉ်တော့မဟုတ်။ တော်ရုံလူကိုစကားမပြောသည့် မာနကြီးသော သူဌေးတစ်ယောက်သည် သူ့ကိုစကားတွေလာပြောနေခြင်းမှာ နည်းနည်း မူမမှန်မှန်း သတိထားမိလေသည်။ တခြားလူဆိုလျှင် ပျော်သွားမည်မှာ မှန်ပေမဲ့ လေပြေသွေးကတော့ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားလေသည်။

ဘာလဲဟ ... ဒီလူက ......

သို့သော်လည်း လေပြေသွေးသည် ဟန်မပျက်ဘဲ စကားကိုပြန်ပြောလိုက်လေသည်။

"ကျွန်တော်တော့ အစ်ကို့ကိုမတွေ့ဖူးဘူးဗျ"

လေပြေသွေးသည် ခွန်းတုံ့ပြန်ပြီးသကာလ ပြုံးပြလိုက်ရာ တိမ်ရောင်စဉ် ပင် ငေးခနဲဖြစ်သွားရလေသည်။ တိမ်ရောင်စဉ်သည် မိမိအမူအရာကို ချက်ချင်းပြန်ထိန်းလိုက်သော်လည်း ထိုကောင်လေး၏အပြုံးကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိလေသည်။

"သြော်..."

ဆိုတော့ ငါကသူ့အထက်လူကြီးမှန်း မသိဘူးပေါ့လေ...

အဲဒီနောက်တော့ တိမ်ရောင်စဉ်ဘာမှဆက်မပြောတော့ဘဲ ကော့တေးကိုသာ အရသာခံသောက်ရင်း လင်းရိပ်ခအလာကိုသာ အေးအေးဆေးဆေး စောင့်နေလိုက်လေသည်။

ဆယ့်ငါးမိနစ်ခန့်အကြာတွင်တော့ လင်းရိပ်ခရောက်လာလေသည်။

လင်းရိပ်ခသည် အပြာရင့်ရောင်အောက်ခံပေါ်မှာမှ အနီစင်းခပ်သေးသေးပါသော ကော်လံရှပ်လက်တိုနှင့် ဆုတ်ဖြဲရာများပါသော ဂျင်းဘောင်းဘီအရောင်နုနုကို ဝတ်ဆင်ထားလေသည်။ ဆံပင်ကိုတော့ ခါတိုင်းလို ဂျယ်နှင့်မသပ်တင်ထားဘဲ ချထားတာကြောင့် ပိုပြီးငယ်ရွယ်ပုံပေါက်လို့နေသည်။ ဘွတ်ဖိနပ်အဖြူလေးကလည်း သူနှင့်အတိုင်းထက်အလွန်ကို လိုက်ဖက်ညီလို့။

လင်းရိပ်ခသည် ကောင်တာဆီသို့လာကာ တိမ်ရောင်စဉ်နှင့် ကပ်လျက်ထိုင်ခုံတွင် ထိုင်လိုက်လေသည်။ လင်းရိပ်ခသည် တိမ်ရောင်စဉ်ကိုအဖက်လည်းမလုပ်သလို ရှိသည်ဟုပင် သဘောမထား။

ထိုစဉ် လေပြေသွေးရောက်လာကာ မေးလာလေသည်။

"ဘာမှာချင်သလဲဗျ"

"အစ်ကို့ကိုမှာချင်တာ။ ရလားမသိဘူးဗျ"

လင်းရိပ်ခကပြောလိုက်လေတော့ လေပြေသွေးသည် အားရပါးရရယ်လေတော့သည်။

"မင်းကို ဘယ်ဝန်ထမ်းမလေး သင်ပေးလိုက်ပြန်ပြီလဲ ..."

လင်းရိပ်ခလည်းရယ်လိုက်ရင်း ပြန်ဖြေလာလေသည်။

"နန်းခင်လေ။ သိတယ်မလား ... ငါ့ကိုတစ်ချိန်လုံး ပေါက်ကရတွေလာလာပြောတဲ့ ကလေးမ"

လေပြေသွေးသည်လည်း ကော့တေးဖျော်နေရင်း ပြန်ဖြေလာပြန်သည်။

"သိပ့်။ အဲဒီကလေးမက မင်းကိုအတည်ကြီး သဘောကျနေတာလား ..."

"အင်း"

လင်းရိပ်ခ သက်ပြင်းချကာ ပြန်ပြောလိုက်မိသည်။

"လူတစ်ယောက်ကိုချစ်မိတဲ့အခါ ဘယ်လိုဖြစ်မလဲတော ့ ငါလည်းမသိဘူး။ ငါတကယ်သိချင်မိတယ်"

လေပြေသွေးက ဖျော်စပ်ပြီးသွားသော ကော့တေးကို လင်းရိပ်ခရှေ့တွင်ချပေးလိုက်ကာ ပြောလာပြန်သည်။

"မင်းပုံစံနဲ့ဆိုရင် တစ်သက်လုံးတစ်ယောက်တည်းပဲ နေရမယ်ထင်တယ်။ မင်းက ဘယ်ကောင်မလေးကိုမှ မကြိုက်လည်းမကြိုက်၊ လိုက်လည်းမလိုက်တော့ ကောင်မလေးတွေကပဲ မင်းကိုလိုက်ရ။ လိုက်တော့လည်း မင်းက ပြန်မကြိုက်။ ခက်တယ်ကွာ။ မင်းလောက်ခက်တာ မင်းပဲရှိတယ်"

လေပြေသွေးစကားကြောင့် လင်းရိပ်ရယ်လိုက်မိပြန်သည်။

"ဒါတွေထားပါ။ အခုလောလောဆယ် ငါ ပြဿနာတက်လာတာ"

ထိုစကားကိုကြားလေတော့ လေပြေသွေး၏မျက်နှာသည် ချက်ချင်း ရှုံ့မဲ့သွားလေတော့သည်။

"မင်းပြဿနာတက်လာတာကလည်း ပြုံးဖြီးနေတာပဲ"

လင်းရိပ်ခက ရယ်နေလျက်ပင် ပြန်ပြောလာပြန်သည်။

"နောက်မှပြောပြမယ်ကွာ"

အလုပ်လုပ်နေစဉ်စကားပြောခြင်းကို တားမြစ်ထားသော်လည်း အရေးကြီးသော customerများနှင့်ဆိုလျှင်တော့ ပြောခွင့်ရှိလေသည်။ ဒီလိုစကားပြောခြင်းကပဲ Barနှင့် customerကြား လူမှုဆက်ဆံရေးတိုးလာစေသည့် အချက်တစ်ချက်ဖြစ်သည်။ သို့ပေမဲ့ လင်းရိပ်သည် လေပြေသွေးအလုပ်ကို နှောင့်ယှက်သလို မဖြစ်ချင်တာကြောင့် စကားကိုဆက်မပြောဖြစ်တော့။

၅မိနစ်လောက်အကြာတွင်တော့ တိမ်ရောင်စဉ်သည် ထိုင်နေရာမှထလိုက်လေသည်။ လင်းရိပ်ခသည်လည်း အမှတ်မထင် လှည့်ကြည့်လိုက်မိရာ စားပွဲပေါ်တွင်ကျန်နေခဲ့သော ပိုက်ဆံအိတ်အနက်ကလေးကို တွေ့လိုက်ရတာကြောင့် ထိုပိုက်ဆံအိတ်ကို အမြန်ယူကာ တိမ်ရောင်စဉ်နောက်သို့ ခပ်မြန်မြန် လိုက်သွားလိုက်လေသည်။

***